ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (19-12-2007) (၅၅၃၆)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပုဂံညောင်ဦး၌ ဘုရားများ ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်း ပုဂံညောင်ဦး၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပုဂံရှိ အာနန္ဒာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာနန္ဒာဘုရား အနောက်ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားအတွင်း လိုဏ်အတွင်း လှည့်လည်၍ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာနန္ဒာဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး အာနန္ဒာစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ရက် ညနေပိုင်းတွင်လည်း လောကနန္ဒာစွယ်တော်ဘုရားသို့ ရောက်ရှိကြပြီး ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာစွယ်တော်ဘုရားအား လက်ယာရစ် လှည့်လည်ကြည်ညိုပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ကြေးမုံ The Mirror ယနေ့ သတင်းအညွှန်း

ထူးထူးခြားခြား ကမ္ဘာ့သတင်းများ — စာမျက်နှာ-၃

ခေတ်မီနိုင်ငံတော်သစ်ဆီ ဦးတည်သည့် သတင်းဆက်သွယ်ရေး နည်းပညာ ခြေလှမ်းများ — စာမျက်နှာ-၁၀

လျှပ်စစ်ဓာတ်အား ခိုးယူရောင်းချမှု အရေးယူ — စာမျက်နှာ-၁၁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၉–၁၂–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ရေဝတီအနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းမီမီဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၁၆ ရက်က မကွေးတိုင်းအတွင်း တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် အထက်ဖူးရွာ၊ ဖူးရွာ၊ မုန်းနှင့် ကြီးအုံ–ကြီး၀ ရေလှောင်တမံစီမံကိန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြီးအုံ–ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိစဉ် တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားရာတွင်–

"ရေဝတီအနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသည့် ဤစီမံကိန်းလုပ်ငန်းများကို စော၍ပြီးနိုင်သမျှ ပြီးစီးအောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန်၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ လုပ်ငန်းသုံး စက်ယန္တရားများကို လိုအပ်သလိုစုစည်း၍ ထိထိရောက်ရောက် အသုံးချခြင်းဖြင့် လုပ်ငန်းများ လျင်မြန်စွာပြီးစီးအောင် စီမံကြရန်" မှာကြားသည်။

မကွေးတိုင်းသည် မိုးနည်းရေရှားရပ်ဝန်းတစ်ခုဖြစ်ရာ စိုက်ပျိုးရေလုံလောက်စွာ ရရှိသည်နှင့်အမျှ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်က အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသ၏ ရေအရင်းအမြစ်ရရှိနိုင်မှု အခြေအနေများကို အစွမ်းကုန် ကြိုးပမ်းအားထုတ် ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ မုန်းချောင်းတစ်လျှောက်၌ ရေလှောင်တမံစီမံကိန်းများကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ မုန်းချောင်းအထက်ပိုင်းရှိ အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်း၊ ဖူးရွာ ရေလှောင်တမံစီမံကိန်း၊ မုန်းချောင်းရေလှောင်တမံ စီမံကိန်းနှင့် ကြီးအုံ–ကြီး၀ ရေလှောင်တမံ စီမံကိန်းများ ပါဝင်သည်။ ရေလှောင်တမံအဆင့်ဆင့်မှ သိုလှောင်ရေများ ထုတ်လွှတ်ပေးပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုသွားနိုင်မည် ဖြစ်သည်။

အဆိုပါစီမံကိန်းများအနက် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ပြီးစီးနေပြီဖြစ်ရာ ရေအားလျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပြီး အောက်ဘက်ပိုင်းရှိ ကြီးအုံ–ကြီး၀ ရေလှောင်တမံစီမံကိန်းသို့ ရေများ လွှတ်ပေးနေပြီဖြစ်သည်။

မကွေးတိုင်းအတွင်း မုန်းချောင်းတစ်လျှောက်၌ တည်ဆောက်လျက်ရှိသော ရေလှောင်တမံစီမံကိန်းများသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ မိုးစပါးသာမက နွေစပါးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။ မုန်းချောင်းတစ်လျှောက်ရှိ ရေလှောင်တမံစီမံကိန်းများကို စံချိန်စံညွှန်းမီမီ၊ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးရေး ကြိုးပမ်းတည်ဆောက်နိုင်သည်နှင့်အမျှ ဧရာဝတီ အနောက်ဘက်ကမ်းဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက် မြင့်မားလာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် နဂါးရုံဘုရားလမ်း (၈)မိုင်ခွဲနေ ဒေါ်တင်အိ၏ ၇၂ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် (သန့်သန့်လေးစတိုး) မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ပညာလင်္ကာရ(မဂစ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ် လှထွန်း အင်ဒိုနီးရှားသမ္မတနိုင်ငံမှပြန်လည်ရောက်ရှိ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေး တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးများ၏ အဆင့်မြင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးများ၏ အဆင့်မြင့် အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဘာလီကျွန်းရှိ Intercontinental Hotel ၏ Puri Kencana Grand Ballroom၌ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းပေါင်း ၁၃ ခုမှ အကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုယိုနို တက်ရောက်၍ အစည်းအဝေးကို ဖွင့်လှစ်ပေးပြီး အစည်းအဝေးသဘာပတိအဖြစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Ms Indrawati Mulyani က ဆောင်ရွက်သည်။

အစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုကိစ္စရပ်နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးများ၏ အခန်းကဏ္ဍကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ပညာရပ်ဆိုင်ရာ အစည်းအဝေး သုံးချိန်နှင့် ရှေ့အစည်းအဝေးများမှ ရလဒ်များအား ပြန်လည်ခြုံငုံ သုံးသပ်သည့် အစည်းအဝေး တစ်ချိန်ဖြင့် စုစုပေါင်း လေးချိန်ကျင်းပခဲ့သည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွဋ်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေပေါက်ကံမြို့နယ် ၁၇ ရပ်ကွက် တောင်ငူလမ်းနေ ပန်းချီဆရာကြီး ဦးလွန်းကြွယ်–ပန်းချီဒေါ်လွန်းမြမြ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၂၅၆၅၀၀ တန်ဖိုးရှိ Boiling Sterilizer (420 B) & MAC B.P Apparatus တို့ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာဦးလှရွှေ လက်ခံယူစဉ်။ (က–ပ)

ကလော စက်မှုလက်မှုသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ကလော စက်မှုလက်မှုသိပ္ပံကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့)တွင် ရှမ်းတိုင်းရင်းသားများ သာရေးနာရေးအသင်း ၃၅ လမ်း၊ ၆၆/၈၈ လမ်းကြား၊ မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေ လှူဒါန်းလိုသူများနှင့်ရန်ကုန်မှ မန္တလေးသို့ လိုက်ပါလိုသူများသည် ဦးသိန်းဝင်း ဖုန်း–၅၀၁၆၈၈၊ ဦးညွှန့်လွင် ဖုန်း–၀၉–၅၁၆၈၉၅၃၊ ဦးခွန်ထွန်းအောင် ဖုန်း–၀၉–၅၁၄၁၁၈၈၊ ဒေါ်ချယ်ရီအောင် ဖုန်း–၆၅၁၀၆၈၊ ဒေါ်ဥမ္မာ ဖုန်း–၀၉–၅၁၆၁၃၀၅၊ ဦးအောင်ကိုဇင်၊ ဖုန်း–၅၅၅၂၃၅ တို့ထံ အချိန်မီဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် စုရပ်ဖြစ်သော ကမာရွတ်လှည်းတန်းအနီးရှိ တက္ကသိုလ်များဓမ္မာရုံမှ ဒီဇင်ဘာ ၂၁ ရက် သောကြာနေ့ ညနေ ၄နာရီခွဲတွင် စတင်ထွက်ခွာပြီး မရမ်းကုန်း စော်ဘွားကြီးကုန်း ထောက်ကြန့် စစ်သချိုင်းရှေ့တို့မှ လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဗဟိုအဆင့်တွင် ဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ (လ ၂၀၃ ၃၃၆) ရဲတပ်ကြပ်နှင်းယုလှိုင်နှင့်မကွေးတိုင်းရဲတပ်ဖွဲ့မှ (လ ၂၁၅၉၂၀) ရဲတပ်သားကျော်မင်းထက်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အဆင့်အလိုက် ဂုဏ်ပြုနှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင် ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကျေးရွာ စာကြည့်တိုက်များအတွက် ခရိုင်အဆင့်ဌာနဆိုင်ရာများက လှူဒါန်းသည့် စာအုပ်စာစောင်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

အထူးစာဖတ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ၂၀၀၇ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာလ အထူးစာဖတ်ပွဲများကို ဒီဇင်ဘာ ၆ ရက်တွင် ပန်းဘဲတန်းမြို့နယ် အမှတ် (၁၁) ရပ်ကွက်နှင့် ဒီဇင်ဘာ ၁၀ ရက်တွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပခဲ့သည်။

အဆိုပါစာဖတ်ပွဲများတွင် စိုးမြကျော်၏ "အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရ"၊ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၏ "အကြီးအမှူးဖြစ်စေတတ်သောတရား"၊ "ရွှေဖိနပ်ရုပ်တိုက်စီး"၊ "ပုဏ္ဏာသုံးပုဒ်"နှင့် "ငှတ်မိသဲတိုင်" ဆောင်းပါးများကို ဖတ်ကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းက ဆောင်းပါးပါအကြောင်းအရာများကို ပြန်လည်သုံးသပ် ဆွေးနွေးခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

မိမိနိုင်ငံသူနိုင်ငံသားများ၏ အသိဉာဏ်ပညာမြင့်မြင့်မားမားရှိအောင် ကြိုတင်ပြင်ဆင်ပေးထားနိုင်မှသာ ဘေးပယောဂလွှမ်းမိုးခြယ်လှယ်မှုများကို အသိဉာဏ်ပညာအခြေခံဖြင့် ဆင်ခြင်သုံးသပ် ရှောင်ရှားနိုင်မည်

ကျောင်းသား၊ ကျောင်းသူများနှင့်တကွ ပြည်သူတစ်ရပ်လုံး အသိဉာဏ်မြင့်မားရေးနှင့် ဗဟုသုတပြည့်စုံရေး ကြိုးပမ်းပေး

နေပြည်တော် ဒီဇင်ဘာ ၁၈

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၉) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားကာ ထူးချွန်ဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ ဆရာ၊ဆရာမတို့သည် မျိုးဆက်သစ်လူငယ်များကို နိုင်ငံ၏အနာဂတ်ကာလ လိုလားချက်များနှင့်အညီ လိုအပ်သောအရည်အသွေး၊ စိတ်ဓာတ်တို့ဖြင့် ပြည့်ဝခိုင်မာစေရအောင် ကြိုတင်ပြုစု ပျိုးထောင်ပုံဖော်လေ့ကျင့်ပေးနေကြခြင်းဖြစ်သည့်အတွက် ရေရှည်အမျိုးသားရေး အကျိုးစီးပွားကို မျှော်မှန်းရှုမြင်နိုင်သည်နှင့်အမျှ မိမိတို့၏လုပ်ငန်းစွမ်းဆောင်ရည်သည်လည်း ပိုမိုမှန်ကန် ထိရောက်ထက်မြက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏လုပ်ငန်းတာဝန်များသည် နိုင်ငံနှင့်လူမျိုး၏အနာဂတ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အတွက် အလွန်ထူးခြားလေးနက်ပြီးတန်ဖိုးရှိကာမြင့်မြတ်သည့် တာဝန်ဝတ္တရားများဖြစ်သည်ဆိုသည့် ခံယူ ချက်ဖြင့် မဆုတ်မနစ် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသည့် နည်းပညာသစ်များ၊ အတွေးအမြင်အယူအဆသစ်များကို မိမိနိုင်ငံ မိမိဒေသနှင့်ဆီလျော်ကိုက်ညီသော အစီအမံများဖြင့် ဆက်စပ်ကျင့်သုံးနိုင်သည်နှင့်အမျှ နိုင်ငံတကာပြောင်းလဲဖြစ်ပေါ်မှုအလျင်တွင် လိုက်လျောညီထွေလိုက်ပါရင်း မိမိနိုင်ငံ မိမိလူမျိုး၏အမျိုးသားရေးအကျိုးစီးပွားကို နည်းပညာသစ်၊ အတွေးအမြင်သစ်များ၏စွမ်းအားဖြင့် ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ရန်ဆိုရာတွင်လည်း မျိုးဆက်သစ် လူငယ်များကို နည်းပညာသစ်၊ အတွေးအမြင်သစ်များဖြင့် ယှဉ်တွဲပြီး မိမိနိုင်ငံ မိမိလူမျိုး၏ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူမှုရေး တန်ဖိုးထားမှုများကို လေးစားမြတ်နိုးစေရအောင် ပြုစုပျိုးထောင်ပေးရန်လိုကြောင်း။

တစ်ဆက်တည်းမှာပင် ကျောင်းသား၊ကျောင်းသူ လူငယ်များ၏ ဘဝရှေ့ရေး တိုးတက် အောင်မြင်ရေးအတွက် အကောင်းဆုံးအခြေအနေများကို ဖော်ဆောင်ပေးနိုင်မည့် ပညာရေးပတ်ဝန်းကျင်ကောင်းများ အအောင်မြင်နိုင်ဆုံးလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းနိုင်စေမည့် ပညာရေးအခွင့်အလမ်းကောင်းများကို ဖန်တီးပေးရင်း ကျန်ပညာရေးပတ်ဝန်းကျင်ကောင်းများ၊ အခွင့်အလမ်းကောင်း များကို မှန်မှန်ကန်ကန် ထိထိရောက်ရောက် ရွေးချယ်အသုံးပြုနိုင်မည့် အရည်အသွေးနှင့်ပြည့်စုံစေရအောင်လည်း ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါကာလသည် ပညာရည်မြင့်မားပြီး အသိဉာဏ်ရင့်ကျက်သည့် နိုင်ငံသူ နိုင်ငံသားများကသာ မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်သည်သာမက နိုင်ငံတည်ငြိမ်အေးချမ်းအောင်လည်း ကာကွယ်စောင့်ရှောက်နိုင်ကြမည်ဖြစ်ကြောင်း။

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် နည်းပညာသစ်များကြောင့် အသိပညာပုံ့နှံ့မှု မြန်ဆန်ကျယ်ပြန့်လှသကဲ့သို့ နည်းပညာသာလွန်သော နိုင်ငံကြီးများအတွက် ဤနည်းပညာသစ်များကို သူ့နိုင်ငံ၊ သူ့လူမျိုးအကျိုးစီးပွားအတွက် အသာစီးဖြင့် အသုံးပြုနိုင်သည့် အခွင့်အလမ်းများလည်း ပိုမိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ယင်းသို့အခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိဉာဏ်ပညာ မြင့်မြင့်မားမားရှိနေစေရအောင် ကြိုတင်ပြင်ဆင်ပေးထားနိုင်မှသာလျှင် ဘေးပယောဂလွှမ်းမိုးခြယ်လှယ်မှုများကို အသိဉာဏ်ပညာအခြေခံဖြင့် ဆင်ခြင်သုံးသပ် ရှောင်ရှားနိုင်ကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူလူထု၏အသိဉာဏ် အခြေခံမြင့်မားခိုင်ခံ့မှုမရှိခဲ့လျှင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာခိုင်မြဲရန်၊ မိမိလူမျိုးရှင်သန်တည်တံ့ရန် ခက်ခဲမည်ဆိုသည့် အခြေအနေကိုသိမြင်ပြီး ဆရာ ဆရာမများအားလုံးက ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့်တကွ ပြည်သူတစ်ရပ်လုံး အသိဉာဏ်ပညာ မြင့်မားစေရေးနှင့် အတွေးအမြင်ဗဟုသုတပြည့်စုံစေရေးအတွက် အမျိုးသားရေးအသိအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက သင်တန်းသားစံပြဆုရ ကျောင်းသားအမှတ် (F.49) မကွေးတိုင်း စေတုတ္တရာမြို့နယ် ငတော်စုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးဝင်းဘိုနှင့် သင်တန်းသူစံပြဆုရ ကျောင်းသူအမှတ်(A-150) မကွေးတိုင်း ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာမ ဒေါ်နွယ်နွယ်ဝင်းတို့အား လည်းကောင်း၊ သင်တန်းသားဖွဲ့ လုံ့လဆုရ ကျောင်းသားအမှတ် (F-144) စစ်ကိုင်းတိုင်း တမူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးမောင်မောင်အေး၊ သင်တန်းသူဖွဲ့ လုံ့လဆုရ ကျောင်းသူအမှတ်(B-143) မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၁)အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမဒေါ်စန္ဒာမြင့်နှင့် ကျောင်းသူအမှတ် (B-176) မန္တလေးတိုင်း နေပြည်တော်ပျဉ်းမနား ရွာတော်ရပ်ကွက် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်းမှအလယ်တန်းပြဆရာမ ဒေါ်သီတာဦးတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမှတ်(၁) အဆောင်(၅)ကို အဆောင်ခေါင်းဆောင် ကျောင်းသားအမှတ်(F-134) ဦးမြင့်ကျော်နှင့် စံပြအဆောင်ဆုရ သင်တန်းသူတပ်ခွဲ အမှတ်(၁) အဆောင်(၁)ကို အဆောင်ခေါင်းဆောင် ကျောင်းသူအမှတ်(A-5) ဒေါ်မြသီတာအောင်အားလည်းကောင်း ဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များက လက်ခံရယူကြသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၉)ဆင်းပွဲ တွင် သင်တန်းသူစံပြဆုရ မကွေးတိုင်း ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာမ ဒေါ်နွယ်နွယ်ဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်းနှင့်အဖွဲ့ဝင်များက သင်တန်းသားသင်တန်းသူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ အခြေခံပညာဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၉)သို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှသင်တန်းသား ၂၁၁ဦး၊ သင်တန်းသူ ၁၀၈၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လူသူမရောက်သော အင်ဒိုနီးရှားတောတွင်း၌ ကြွက်အကြီးစားတစ်မျိုး သိပ္ပံပညာရှင်များတွေ့ရှိ

ဂျကာတာ ဒီဇင်ဘာ ၁၈

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါဒေသ သဘာဝထိန်းသိမ်းရေး တောအတွင်း စမစ်ဆိုနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များနှင့် အင်ဒိုနီးရှားသိပ္ပံ တက္ကသိုလ်မှ ပညာရှင်များသွားရောက်လေ့လာခဲ့ရာ ယခင်က မတွေ့ဖူးသေးသော သတ္တဝါမျိုးဟု ယူဆရသည့် နို့တိုက်သတ္တဝါနှစ်မျိုးကို တွေ့ရှိရကြောင်း ဒီဇင်ဘာ၁၇ရက်၌ ကြေညာသည်။

သိပ္ပံပညာရှင်များသည် ယခင်က မရောက်ဖူးသေးသော ဖိုဂျာတောင်တန်းဒေသများသို့ ၂၀၀၇ ခုနှစ် ဇွန်လကတည်းက သွားရောက်ခဲ့ကြသည်။ ထိုဒေသတွင် အပင်နှင့်တိရစ္ဆာန်မျိုးစိတ်သစ်ပေါင်းများစွာ တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ ခရီးစဉ်တွင် သိပ္ပံပညာရှင်များသည် အကြီးစားကြွက်မျိုးသစ်နှင့် သေးငယ်သော သားပိုက်ကောင်တစ်မျိုးတို့ကို တွေ့ရှိခဲ့သည်။

အင်ဒိုနီးရှား၌ တွေ့ရသော ကမ္ဘာ့အသေးဆုံး သားပိုက်ကောင် မျိုးသစ်။

ပိုမိုကြီးမား

ယခုတွေ့ရသော ကြွက်ကြီးမျိုးမှာ မြို့နေကြွက်ကြီးမျိုးများထက် ငါးဆမျှ ပိုမိုကြီးမားသည်ဟု စမစ်ဆိုနီးယားတက္ကသိုလ်မှ ပညာရှင် ခရစ္စတိုဖာဟယ်လ်ဂင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထူးထူးခြားခြား

ကမ္ဘာ့သတင်းများ

မြို့နေ သာမန်ကြွက်များထက် ငါးဆပိုမိုကြီးမားသည့် အင်ဒိုနီးရှားမှ ကြွက်ကြီးမျိုးသစ်ကိုတွေ့ရစဉ်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် ယခုရာစုနှစ်၌ ပင်လယ်ရေပြင် နှစ်ဆမြင့်တက်လာနိုင်

ဝါရှင်တန် ဒီဇင်ဘာ ၁၈

ကုလသမဂ္ဂမှ သိပ္ပံပညာရှင်များသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀၀ ကာလ ကမ္ဘာကြီးပူနွေးလာစဉ်က ရှိခဲ့သည့်အခြေအနေကို ပြန်၍လေ့လာရာမှ ထူးခြားသောအချက်ကို ဖော်ထုတ်တွေ့ရှိရသည်။ ယင်းအချက်မှာ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ယခင်ကရှိခဲ့သော အခြေအနေထက် လက်ရှိရာစုနှစ်တွင် နှစ်ဆမြင့်တက်လာနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။

မျက်မှောက် ၂၁ရာစုတွင် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၃၂ လက်မအထိ မြင့်တက်လာနိုင်သည်ဟုဆိုသည်။ ထိုသို့မြင့်တက်လာရခြင်းသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်ဟု ပညာရှင်များက ရှုမြင်သည်။

ဒီဇင်ဘာ၁၆ရက်က သဘာဝပထဝီသိပ္ပံဂျာနယ်တွင်ပါရှိလာသောနောက်ဆုံးလေ့လာချက်၌မူ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဂယက်ကြောင့် မြင့်တက်လာနိုင်သော ပင်လယ်ရေမျက်နှာပြင်၏ အမြင့်ဆုံးအခြေအနေသည် ၆၄ လက်မအထိ ရှိနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၂၄၀၀၀ နှင့် ၁၁၉၀၀၀ ကာလက ကမ္ဘာက နေကိုလှည့်ပတ်နေသည့်အနေအထားပြောင်းလဲမှုကြောင့် ရေခဲမြစ်များနှင့် ရေခဲထုများ အရည်ပျော်ကာ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် လက်ရှိအခြေအနေထက် ပေ ၂၀ ပိုမိုမြင့်မားသည့် အနေအထားသို့ ရောက်ရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာညီလာခံ ကျင်းပပြီးစီး နိုင်ငံတကာသဘောတူညီချက်ရရှိရေး ဆက်လက်ဆွေးနွေးမည်

ဘာလီ ဒီဇင်ဘာ ၁၈

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာရေးအတွက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် ကတိပြုလျက် နိုင်ငံပေါင်း ၁၈၇ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်သည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ညီလာခံမှာ ဒီဇင်ဘာ ၁၅ ရက်တွင် ပြီးဆုံးသွားပြီဖြစ်သည်။

ရာသီဥတု ပြောင်းလဲလာသည့် ပြဿနာနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ်အထိ ဆက်လက်ဆွေးနွေးသွားရမည့် အကြောင်းအရာများကို ကိုယ်စားလှယ်များက သတ်မှတ်ပေးခဲ့ကြသည်။ မိုးခေါင်မှုနှင့် ရေလွှမ်းမိုးမှုကဲ့သို့သော ရာသီဥတုပြောင်းလဲလာသည့် ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်နိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော နည်းပညာသစ်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန်နှင့် သဘာဝဘေးအန္တရာယ် လျော့နည်းနိုင်သမျှ လျော့နည်းစေရေး အစီအစဉ်များအတွက် ရန်ပုံငွေ ထောက်ပံ့ပေးရန် ဘာလီဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ရာသီဥတု ပြောင်းလဲခြင်းပြဿနာကို ရင်ဆိုင်နိုင်ရေးအတွက် တိကျသော အစီအစဉ်နှင့် တိကျသော အချိန်ဇယား သတ်မှတ်ချက်တို့ ရရှိပြီဖြစ်ကြောင်း၊ အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးနှင့် ညီလာခံသဘာပတိ ရာချမက်ဝိတိုလာက ပြောကြားသည်။

ဘာလီညီလာခံအပြီး သဘောတူညီချက်တစ်ရပ်ကို ရရှိပြီဖြစ်ကြောင်း၊ ရာသီဥတု ပြောင်းလဲလာမှု ပြဿနာကို တိုက်ဖျက်နိုင်ရန် နိုင်ငံတကာ အသိုက်အဝန်းအတွက် အခွင့်အလမ်းတစ်ရပ် ရရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်သဘောတူညီချက် အကောင်အထည်ဖော်ရေး အဖွဲ့၏ အမှုဆောင်အတွင်းရေးမှူး ယိုင်ဝိုဒီဘိုးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အစ္စတန်ဘူလ်မြို့အနီး ဘော့စ်ဖိုရပ်ရေလက်ကြားတွင် ကူးတို့ သင်္ဘောတစ်စင်း ဖြတ်သန်း ခုတ်မောင်းနေသည်ကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နယူးဒေလီလေဆိပ်မြူဆိုင်း၊ ခရီးစဉ်များပယ်ဖျက်ရ

နယူးဒေလီ ဒီဇင်ဘာ ၁၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ လေဆိပ်တွင် ဒီဇင်ဘာ ၁၄ ရက်က မြူနှင်းများ ထူထပ်စွာကျရောက်သဖြင့် ပြည်တွင်း၊ ပြည်ပလေယာဉ် ၂၅၀ ခန့် ခရီးစဉ် ပျံသန်းမှု နောက်ကျခဲ့ပြီး လေယာဉ်ခရီးစဉ် ၅၀ ခန့်ကို ပယ်ဖျက်ခဲ့ရကြောင်း အိန္ဒိယ အိပ်စပရက်စ်သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

ဒီဇင်ဘာ ၁၄ ရက်တွင် မြူနှင်းများ ထူထပ်စွာ ကျရောက်မှုကြောင့် လေယာဉ်ခရီးစဉ်များ ရှစ်နာရီကျော်မျှ နှောင့်နှေးကြန့်ကြာခဲ့ပြီး ခရီးသည် ရာပေါင်းများစွာ လေဆိပ်တွင် သောင်တင်ခဲ့သည်။

ဒေလီအပြည်ပြည်ဆိုင်ရာ လေဆိပ်လီမိတက်(ဒီအိုင်အေအယ်လ်)က ခရီးသည် အများအပြားကို လေးနာရီမှ ခြောက်နာရီခန့်အထိ လေယာဉ်အတွင်း၌ နေထိုင်ရန် နှိုးဆော်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင်ကိုရီးယားတပ်ဖွဲ့ အာဖဂန်မှ ရုပ်သိမ်း

ဆိုးလ် ဒီဇင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံမှ တောင်ကိုရီးယားတပ်ဖွဲ့ကို ဒီဇင်ဘာ ၁၄ ရက်တွင် အပြီးရုပ်သိမ်းလိုက်ကြောင်း၊ တောင်ကိုရီးယားတပ်ဖွဲ့သည် လ ၇၀ ကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း တနင်္ဂနွေနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကြိုဆို

အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသော တပ်ဖွဲ့ဝင်များကို ဆိုးလ်မြို့တောင်ဘက် ဆီယွမ်နန်မြို့ရှိ လေတပ်အခြေစိုက်စခန်းတွင် ကြိုဆိုပွဲ အခမ်းအနားကျင်းပရာ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးပတ်ခ်ဟောင်ယူလ်နှင့် စစ်ဘက်တာဝန်ရှိသူများနှင့် မိသားစုဝင် ၈၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

စေလွှတ်ခဲ့

၂၀၀၂ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်နိုင်ငံသို့ ဒွန်ဂွီဆေးတပ်မှ တပ်ဖွဲ့ဝင် ၆၀ ခန့်နှင့် ဒါဆန် အင်ဂျင်နီယာတပ်မှ တပ်ဖွဲ့ဝင် ၁၅၀ ကို စေလွှတ်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရန်နိုင်ငံ တီဟီရန်မြို့ တောင်ပိုင်း ၇၅၅ မိုင်အကွာရှိ ပထမဆုံး ဘားရှား အဏုမြူဓာတ်အားပေးစက်ရုံကို ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရန်နှင့် ဆီးရီးယား ဖက်စပ်စက်ရုံများ ဖွင့်လှစ်

ဒမတ်စကတ် ဒီဇင်ဘာ ၁၈

အီရန်နှင့် ဆီးရီးယားနိုင်ငံတို့၏ ဖက်စပ်ကားထုတ်လုပ်ရေးစက်ရုံနှင့် ဘိလပ်မြေစက်ရုံတို့ကို ဆီးရီးယားနိုင်ငံသမ္မတ ဘရှားအယ်လ်အာဆတ်က ဒီဇင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်ပေးလိုက်သည်။

ကားစက်ရုံ

ဆီးရီးယားနိုင်ငံတွင် အကောင်အထည်ဖော်မည့် ဖက်စပ်စီမံကိန်းနှစ်ရပ်မှာ ကားထုတ်လုပ်ရေးစက်ရုံနှင့် ဘိလပ်မြေစက်ရုံတို့ဖြစ်သည်။ ဒမတ်စကတ်မြို့မြောက်ဘက် ကီလိုမီတာ ၁၆၀ ခန့်အကွာ ဟွမ်းစ်မြို့အနီးတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၅၀ ဖြင့် ကားစက်ရုံထူထောင်ခဲ့သည်။

ဒမတ်စကတ်မြို့မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ဟားမားမြို့တွင် တစ်နှစ်လျှင် တန်ချိန် ၁ ဒသမ ၁ သန်းခန့် ထုတ်လုပ်နိုင်မည့် ဘိလပ်မြေစက်ရုံကို ထူထောင်ခဲ့သည်။

ရောက်ရှိ

ဖက်စပ်စက်ရုံများ၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် အီရန်စက်မှုလုပ်ငန်းနှင့် သတ္တုတွင်းဝန်ကြီး အလီအက္ကဘာ မာရာဘီယန်နှင့် အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးရေးဝန်ကြီး မိုဟာမက်ဆာယိလီယာတို့ ဆီးရီးယားသို့ ရောက်ရှိလာခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တိုတယ်နှင့်ဆိုင်နိုပက် ယီမင်တွင် ရေနံရှာဖွေမည်

ပေကျင်း ဒီဇင်ဘာ ၁၈

ပြင်သစ်အခြေစိုက် တိုတယ်ရေနံကုမ္ပဏီက တရုတ်ရေနံဓာတုကုမ္ပဏီ (ဆိုင်နိုပက်)နှင့်အတူ ယီမင်နိုင်ငံအတွင်းရှိ ရေနံတွင်း လုပ်ကွက်နှစ်ခုကို ၄၀ ရာခိုင်နှုန်း အစုရှယ်ယာထည့်ဝင်ကာ ပူးပေါင်းစူးစမ်း ရှာဖွေမည့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း တိုတယ်နှင့် တရုတ်ကုမ္ပဏီတို့က ပြောကြားသည်။

ယင်းသဘောတူညီချက်ကို ယီမင်အစိုးရက အတည်ပြုသည်ဟု တိုတယ်ကုမ္ပဏီက ပြောကြားသည်။ အဆိုပါ ရေနံလုပ်ကွက်နှစ်ခုမှာ လုပ်ကွက် ၆၉ နှင့် ၇၁ ဖြစ်သည်။ လုပ်ကွက် ၆၉ သည် ယီမင်နိုင်ငံ၏ အလယ်ပိုင်း မာရစ်မြစ်ဝှမ်းတွင်ရှိသည်။ ယင်းလုပ်ကွက်သည် စတုရန်းကီလိုမီတာ ၁၃၃၃ အထိ ကျယ်ပြန့်သည်။

လုပ်ကွက် ၇၁ သည် စတုရန်းကီလိုမီတာ ၁၈၀၀ အထိရှိပြီး အရှေ့မာဆီလာမြစ်ဝှမ်းတွင် တည်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကိုဆိုဗိုပြည်နယ် ခွဲထွက်ခွင့် ဆာဘီးယားအစိုးရ လက်မခံ

ဘဲလ်ဂရိတ် ဒီဇင်ဘာ ၁၈

ဆာဘီးယားသမ္မတနိုင်ငံအား ဥရောပသမဂ္ဂ(အီးယူ)တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အမြန်ဆုံးဝင်ရောက်ခွင့်ပေးသည့်တိုင်အောင် ကိုဆိုဗိုပြည်နယ် လွတ်လပ်ရေးကြေညာခွင့်ပေးရန် သဘောတူလိုက်လျောမည်မဟုတ်ကြောင်း ဆာဘီးယားနိုင်ငံခြားရေးဝန်ကြီး ဗုဂျာရမစ်က သောကြာနေ့တွင် ပြောကြားသည်။

ကိုဆိုဗိုပြည်နယ်အား လွတ်လပ်ရေးပေးရန် သင့်၊ မသင့် ညှိနှိုင်းဆုံးဖြတ်ရန် ကုလသမဂ္ဂက နောက်ဆုံးအချိန်သတ်မှတ်ချက် စေ့ရောက်စဉ် ဆာဘီးယားနိုင်ငံခြားရေးဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုဆိုဗိုသည် ဆာဘီးယားနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် ရပ်တည်လျက်ပင်ရှိသေးသည်။ သို့သော် ကုလသမဂ္ဂ၏ နောက်ဆုံးသတ်မှတ်ချိန် ကျော်လွန်လျှင် တစ်ဖက်သတ် လွတ်လပ်ရေးကြေညာရန် အယ်ဘေးနီးယားလူမျိုးစုခေါင်းဆောင်များက ခြိမ်းခြောက်ထားသည်။

ပဋိပက္ခတစ်စုံတစ်ရာဖြစ်မလာရေး ဟန့်တားရန် ကိုဆိုဗိုပြည်နယ်တွင် တပ်ဖွဲ့ဝင် ၁၆၀၀၀ တပ်စွဲပေးထားမည်ဖြစ်ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ကြေညာထားသည်။ နေတိုးတပ်ဖွဲ့သည် ကိုဆိုဗိုမှ ဆာ့ဘ်တို့အကြမ်းဖက် တုံ့ပြန်လာမည်ကို စိုးရိမ်နေသည်။

အမ်အင်အေ၊ ရိုက်တာ။

စတော့ဟုမ်းမြို့တွင် ဈေးကွက်တင်မည့် နိုကီယာ လက်ကိုင်ဖုန်းသစ်ကို ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယှဉ်ပြိုင်မှုရင်ဆိုင်ဖက်ပြိုင်မှု များပြားလှသည့် မျက်မှောက်ကာလနိုင်ငံတကာ အခြေအနေတွင် မိမိနိုင်ငံ မိမိလူမျိုး၏ ရပ်တည်နိုင်မှု၊ စိန်ခေါ်မှုများကြား၌ ယှဉ်ပြိုင်ရင်ဆိုင်နိုင်မှုအတွက် ပြည်သူများအား ကြိုတင်ပြင်ဆင်ထားနိုင်ရန်လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၁၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတကာ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာ အသီးသီးကို ပညာရေးက လွှမ်းမိုးဦးဆောင်ပြီး ပြောင်းလဲတိုးတက်နေသော အချိန်ကာလဖြစ်သည့်အတွက် ပညာရေး၏ စွမ်းအားဖြင့် နိုင်ငံ၏ အနာဂတ်ကို အမျိုးသားရေး လိုအပ်ချက်အတိုင်း ဖြစ်ပေါ်တိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတကာကို ကြည့်လျှင်လည်း နည်းပညာသစ်များသည် နေ့ညမဆိုင်း ပြောင်းလဲ တိုးတက်နေသည့်အပြင် ကမ္ဘာ့နိုင်ငံများအကြား နည်းပညာကွာဟမှုများ၊ ခနအင်အားကွာခြားမှုများသည် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် မလိုလားအပ်သည့် တစ်ဖက်စောင်းနင်း ဆက်ဆံမှုများ ဖြစ်ပေါ်စေလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း။

ယင်းသို့ယှဉ်ပြိုင်မှုများ၊ ရင်ဆိုင်ဖက်ပြိုင်မှုများ များပြားလှသည့် မျက်မှောက်ကာလ နိုင်ငံတကာ အခြေအနေတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရှင်သန်ရပ်တည်နိုင်မှု၊ စိန်ခေါ်မှု အမျိုးမျိုးကြား၌ ယှဉ်ပြိုင်ရင်ဆိုင်နိုင်မှုများအတွက် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအား ကြိုတင်ပြင်ဆင်ထားနိုင်ရန် အထူးလိုအပ်ကြောင်း။

မျက်မှောက်ကာလ၌ရော အနာဂတ်ကာလတွင်ပါ ကြုံတွေ့ရမည့် စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် မျိုးဆက်သစ်များ၊ စိန်ခေါ်မှုများဖြင့် ယှဉ်တွဲ ရပ်တည်ရှင်သန်နိုင်မည့် မျိုးဆက်သစ်များကို ယနေ့ကာလကပင် ကြိုတင်ပြုစုပျိုးထောင်ထားနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး အရှည်တည်တံ့နိုင်မည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသဘောထားနှင့်အညီ ယနေ့မျိုးဆက်သစ် လူငယ်များအတွက် မျက်မှောက်ကာလနှင့် အနာဂတ်ကာလ၏ စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်မည့်အရည်အသွေး၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်နှင့်တကွ လိုအပ်သော ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကိုပါ ပညာရေးကဏ္ဍကနေ တစ်ပြိုင်တည်းဖန်တီးဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ နိုင်ငံတကာသိပ္ပံနှင့် နည်းပညာသစ်များ အချိန်နှင့်တစ်ပြေးညီရယူပြီး ပညာရေးကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်နိုင်ရေး၊ သင်ယူမှုအခွင့်အလမ်းနှင့် ပညာရေး အရည်အသွေး တိုးတက်မြင့်မားစေရေး မျှော်မှန်းချက်များနှင့်တကွ နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမှုရေးတန်ဖိုးထားမှုများကို ထိန်းသိမ်းမြှင့်တင်နိုင်ရေး အစီအမံများကိုပါ ရည်မှန်းချက်ရှိရှိ ထည့်သွင်းစီမံချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိနိုင်ငံ မိမိလူမျိုး၏ အတိတ်သမိုင်းကြောင်းကို အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအသိဖြင့် ယှဉ်တွဲသိမြင်လာအောင် စာသင်ခန်းများကတစ်ဆင့် လူငယ်များကို နေ့စဉ်မပြတ် သွန်သင်လေ့ကျင့်ပေးကြရန် လိုကြောင်း။

မိမိနိုင်ငံနှင့် လူမျိုး၏ သမိုင်းကြောင်းကို ခြေခြေမြစ်မြစ် သိမြင်နားလည်ပြီး သမိုင်းကပေးသည့် သင်ခန်းစာများအပေါ်တွင် အခြေတည်ပေါက်ဖွားလာသော မျိုးချစ်စိတ်ဓာတ်သည်သာ အခြေခံမှန်ကန်ခိုင်မာသည့် မျိုးချစ်စိတ်ဓာတ်ဖြစ်မည် ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အရင်းခံသော ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းနှင့် အနှစ်သာရကို စွဲစွဲမြဲမြဲ ယုံကြည်ခံယူမှုက တစ်ဆင့်ပေါက်ဖွားလာသည့် မျိုးချစ်စိတ်ဓာတ်သည်သာ ခိုင်မြဲသောမျိုးချစ်စိတ်ဓာတ် ဖြစ်မည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ ကြိုးပမ်းထမ်းရွက်နေကြသည့် ပညာရေးကဏ္ဍ၏ တာဝန်ဝတ္တရားများသည် မိမိနိုင်ငံ မိမိလူမျိုး ရှင်သန်ဖွံ့ဖြိုးရေး၊ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သည်ဆိုသည်ကို သိမြင်ခံယူပြီး အမျိုးသားပညာရေး မျှော်မှန်းချက်များ အောင်မြင်အကောင်အထည် ပေါ်လာစေရအောင် အမျိုးသားရေး အသိအမြင်ဖြင့် ထက်မြက် တက်ကြွစွာ အားကြိုးမာန်တက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ သင်တန်းသားအမှတ် (F.111)ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဘုရားကြီးကုန်း အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာ ဦးမျိုးဝင်း၊ သင်တန်းသူစံပြဆုရ သင်တန်းသူ အမှတ် (A. 23) ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန် အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သီတာထွေး၊ သင်တန်းသား ဖွဲ့လုံ့လဆုရ သင်တန်းသား အမှတ် (F. 35) တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် လင်မလို အခြေခံပညာ မူလတန်းကျောင်းအုပ် ဦးတင်မောင်လတ်၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ သင်တန်းသူ အမှတ် (E.82) ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် မင်းကွတ် (၂) အခြေခံပညာအလယ်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ညွန့်သန်းနှင့် သင်တန်းသူ အမှတ် (B.19) ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် (၈) အခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြစိန်၊ စံပြအဆောင်ဆုရ သင်တန်းသား တပ်ခွဲ (၅) အဆောင်(၁)နှင့် သင်တန်းသူ တပ်ခွဲ (၄) တိုးချဲ့အဆောင် (၂)တို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များအား ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်းပွဲတွင် သင်တန်းသား စံပြဆုရ ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဘုရားကြီးကုန်း အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာ ဦးမျိုးဝင်းအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

CARE **မြန်မာ (မူဆယ်)ရုံးမှ** Project Manager **ဦးစန်းမောင်မြင့် (လူမှုထူးချွန် – ပထမဆင့်)** (အပေါ်ပုံ)**သည် နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ အကြိမ်(၉၀)မြောက် သွေးလှူဒါန်းကြောင်း သိရသည်။**
(က–ပ)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲတက်

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၀၇ ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ဒုတိယအကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယရသည့်လီယွန်နယ် မက်ဆီအား တွေ့ရစဉ်။

တတိယရသည့် ခရစ္စတီယာနို ရော်နယ်ဒို ကိုတွေ့ရစဉ်။

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ကျင်းပသည့် ဖီဖာ၏ ၂၀၀၇ ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားဆုရရှိသွားသော အေစီမီလန်အသင်း အလယ်တန်းလူ ကာကာကို ဆုယူအပြီး ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

၂၀၀၇ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု အေစီမီလန်မှ ဘရာဇီးလက်ရွေးစင် ကာကာဆွတ်ခူး

ဇူးရစ် ဒီဇင်ဘာ ၁၈

အေစီမီလန်၏ အဓိကကစားသမားဖြစ်သူ အသက် (၂၅)နှစ် အရွယ်ရှိ ဘရာဇီးလက်ရွေးစင် ကာကာသည် ဘာစီလိုနာရှေ့တန်း တိုက်စစ်မှူး မက်ဆီ (အာဂျင်တီးနား) နှင့် မန်ချက်စတာယူနိုက်တက် တောင်ပံကစားသမား ခရစ္စတီယာနိုရော်နယ်ဒို (ပေါ်တူဂီ)တို့ကို ကျော်ဖြတ်ကာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကရွေးချယ်သော ၂၀၀၇ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနှင့် ဘွဲ့တံဆိပ်တို့ကို ဆွတ်ခူးသွားသည်။

ဖီဖာ၏ အမှတ်ပေးရွေးချယ်မှုတွင် ကာကာက ၁၀၄၇ မှတ်ရရှိခဲ့ပြီး၊ မက်ဆီက ၅၀၄ မှတ်နှင့် စီရော်နယ်လ်ဒိုက ၄၂၆ မှတ်ရရှိခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ပြည်ပန်းညှိ ချိုချင်ပါလျက် ဆားကမဖျက်နိုင်ရအောင်(၂)

ကျော်မင်းလူ (ရွှေပြည်သာ)

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက ဖြစ်ပွားခဲ့တဲ့ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များအတွင်းမှာ မတော်တဆသေဆုံးခဲ့တဲ့ ဂျပန်ဓာတ်ပုံသတင်းထောက် ကင်ဂျိနာဂါအိနဲ့ ပတ်သက်လို့ RFA က ထုတ်လွှင့်သွားတဲ့ သတင်းတစ်ပုဒ်ကို လတ်တလော ကြားလိုက်မိပါတယ်။ ကင်ဂျိနာဂါအိနဲ့ ပတ်သက်ပြီး ပြည်ပအသံလွှင့်ဌာနတွေက အပ်ကြောင်းထပ်အောင် စွပ်စွဲပုတ်ခတ်မှုတွေ လုပ်ခဲ့ကြတယ်ဆိုတာ အားလုံးအသိပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ အဖြစ်မှန်၊ အခြေအနေမှန်တွေကို အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေး မထိခိုက်ရလေအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ **"ပြည်ပန်းညှိ ချိုချင်ပါလျက် ဆားကမဖျက်နိုင်ရအောင်"**ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ကျွန်တော်ရေးဖြစ်ခဲ့ပါတယ်။ အားလုံးလည်း ဖတ်ဖြစ်ကြမယ် ထင်ပါတယ်။ အခုလည်း RFAက နာဂါအိကိစ္စကို ထပ်မံထုတ်လွှင့်လာပြန်တော့ ကျွန်တော်လည်း လိုအပ်လာပြီထင်လို့ ထပ်ပြီးရေးလိုက်ပါတယ်။ ပြည်ပန်းညှိဆောင်းပါးရဲ့အဆက်လို့ မှတ်ယူစေချင်ပါတယ်။

RFA ကထုတ်လွှင့်ခဲ့တဲ့ သတင်းက ဒီလိုပါ။ ကင်ဂျိနာဂါအိဟာ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှု မရှိခဲ့ပေမယ့် သူနဲ့စာချုပ်ထားတဲ့ APF သတင်းဌာနက အတင်းအဓမ္မ သွားရောက်သတင်းယူခိုင်းခဲ့လို့ သေဆုံးခဲ့ရခြင်း ဖြစ်ပါတယ်လို့ နိုဝင်ဘာ ၂၂ ရက်နေ့ထုတ် SHUKAN BUNSHU မဂ္ဂဇင်းက ဖွင့်ချခဲ့ပါတယ်။ ဆောင်းပါးရဲ့ ခေါင်းစဉ်က **"သတင်းထောက်ကင်ဂျိနာဂါအိသေဆုံးခြင်းကို စီးပွားရေးလုပ်စားနေသည့် APF သတင်းဌာန၏ တာဝန်ခံလူကြီး TORU YAMAJI"**ဆိုပြီး ဖြစ်ပါတယ်။ အဲဒီဆောင်းပါးဟာ ထိုင်းနိုင်ငံမှာ နေထိုင်ပြီး နာဂါအိနဲ့ ရင်းနှီးသိကျွမ်းသူ (ဆောင်းပါးမှာတော့ နာဂါအိရဲ့ မွေးစားအမေလို့ ဆိုပါတယ်။) ဂျပန်အမျိုးသမီးကြီးရဲ့ ပြောဆိုချက်တွေကို အခြေပြုရေးသားထားတာပါလို့ ဆိုပါတယ်။ အခု RFA က လွှင့်တဲ့ သတင်းကတော့ အဲဒီဆောင်းပါးဟာ သေဆုံးသူ နာဂါအိကို အသရေဖျက်ရာရောက်ပြီး သူ့မိသားစုကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေခဲ့တဲ့အတွက် နစ်နာကြေး ဂျပန်ယန်းငွေ ငါးသန်းကျော် ရယူလိုပါကြောင်း မဂ္ဂဇင်း ထုတ်ဝေသူနဲ့ ဆောင်းပါးရေးသူတွေကို တရားစွဲတဲ့ သတင်းပါ။ ကွယ်လွန်သူကလည်း ကွယ်လွန်သွားခဲ့ပါပြီ။ ဒါပေမယ့် ကျန်ခဲ့တဲ့ သူတွေကတော့ မစ္စတာနာဂါအိအပေါ် အကြောင်းပြုပြီး ဘာတွေဆက်ဖြစ်နေကြတယ်ဆိုတာ ဒီသတင်းနားထောင်မိတာနဲ့ ပြေးကြည့်စရာမလိုဘဲ တွေးကြည့်ရုံနဲ့တင် အဖြေထွက်နိုင်ပါတယ်။

ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ လွန်ခဲ့တာတွေလည်း လွန်ခဲ့ပါပြီ။ ကျွန်တော်တို့ အနေနဲ့လည်း ဒီသေဆုံးမှုဟာ သွေးရိုးသားရိုး မတော်တဆဖြစ်ရပ်၊ တိုက်တိုက်ဆိုင်ဆိုင် ကံဆိုးပြီး ဖြစ်သွားရတဲ့ဖြစ်ရပ်သာ ဖြစ်တယ်ဆိုတာ အကြိမ်ကြိမ်ရှင်းခဲ့၊ ပြောခဲ့ပြီးပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လိုပင်ရှင်းပြ၊ ပြောပြနေပေမယ့် "ကျားကျားမီးယပ်" ဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ အသံလွှင့်ဌာနတွေ ရှိနေပါသေးတယ်။

ကျွန်တော် အထက်မှာ ပြောခဲ့တဲ့ SHUKAN BUNSHU မဂ္ဂဇင်းပါဆောင်းပါးမှာ နာဂါအိဟာ နောက်ဆုံးအချိန်အထိ မြန်မာနိုင်ငံကို မသွားချင်ခဲ့ကြောင်း၊ ဒါပေမယ့် သတင်းဌာန အကြီးအကဲ TORU YAMAJIက အမိန့်ပေးတဲ့အတွက် သွားခဲ့ရခြင်းဖြစ်ကြောင်း၊ နာဂါအိဟာ မြန်မာနိုင်ငံအကြောင်း လုံးဝမသိသလို ဒီမိုကရေစီ လှုပ်ရှားမှုကိုလည်း စိတ်ဝင်စားသူမဟုတ်ကြောင်း၊ ယခု သတင်းရယူရာတွင် ကင်မရာကို ပေါ်ပေါ်ထင်ထင်ကိုင်ကာ လုံခြုံရေးတပ်သားများကို မျက်နှာချင်းဆိုင်မှ ဓာတ်ပုံရိုက်ခြင်းသည် အလွန်အန္တရာယ်များပြီး မလုပ်သင့်သော သတင်းရယူမှု နည်းလမ်းပင်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံကို မသွားချင်ဘဲ သွားခဲ့ရတဲ့ နာဂါအိကို သေဆုံးတဲ့အချိန်မှာ ဒီမိုကရေစီသူရဲကောင်းလို့ အတင်းရုပ်လုံးဖော် ပွဲထုတ်လာခဲ့သလို ကင်ဂျိနာဂါအိရဲ့ဆန္ဒကို ဆက်လက်အကောင်အထည်ဖော်ရမယ်လို့ အသံကောင်းဟစ်ပြီး နာဂါအိနဲ့ပတ်သက်တဲ့ သတင်းမျိုးစုံနဲ့ လုပ်စားနေတဲ့ သတင်းဌာန အကြီးအကဲအကြောင်းကိုလည်း အသေးစိတ် ဖော်ထုတ်ရေးသားထားပါသေးတယ်။ နာဂါအိ အမှတ်တရ အထူးအစီအစဉ်တွေကလည်း တစ်နေ့တစ်မျိုး မရိုးရအောင် ဖန်တီးပြီး တော်တော်လေး အကျိုးစီးပွားဖြစ်ထွန်းခဲ့တဲ့ပုံပါပဲ။

ကင်ဂျိနာဂါအိနဲ့ ပတ်သက်လို့ အဆိုးရွားဆုံး စွပ်စွဲချက်ကတော့ လုံခြုံရေးတပ်ဖွဲ့တွေက အနီးကပ် ပစ်သတ်ခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ဒါနဲ့ပတ်သက်လို့ ပြန်ရှင်းပြရရင် နာဂါအိသေဆုံးမှုကို ကျောက်တံတားရဲစခန်းကနေ သေမှုသေခင်းအမှတ်စဉ် (၆/၂၀၀၇)နဲ့ အမှုဖွင့်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးက PR 013 နဲ့ လက်ခံဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီမှာ မှုခင်းဆရာဝန်ကြီးရဲ့ ရင်ခွဲစစ်ဆေးချက်မှတ်တမ်း အခိုင်အမာ ရှိခဲ့ပါတယ်။ အဲဒီမှတ်တမ်းအရ သေနတ်ဒဏ်ရာဟာ ခန္ဓာကိုယ်ရဲ့ နောက်ကျောဘက် ဝဲဘက်ပခုံးအောက်မှဝင်ပြီး ရှေ့ယာဘက်ရင်အုံအောက်သို့ အနည်းငယ်ခန့်စောင်းကာ ထွက်သွားကြောင်း စစ်ဆေးတွေ့ရှိရတယ်လို့ ဆိုပါတယ်။ သေနတ်ဒဏ်ရာဟာ ဝင်ပေါက်ကျဉ်းပြီး ထွက်ပေါက်ကျယ်တဲ့ အနေအထားဖြစ်ပြီး မီးလောင်ရာ (Burning)၊ ယမ်းမှုန့်စွဲကပ်ရာ(Gunpowder Fouling)နဲ့ ကွင်းသဏ္ဌာန်အရာ(Tattooing) များ ဘာမျှမတွေ့ရှိရပါဘူး။ ဒါကြောင့် အဝေးမှ (အနည်းဆုံး ကိုက် ၃၀ ခန့်အကွာမှ) ပစ်ခတ်ခံရခြင်းဖြစ်ပြီး အနီးကပ် ပစ်ခတ်ခံရခြင်းမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားစွာ ဖော်ထုတ်တွေ့ရှိနိုင်ပါတယ်။ ဒါဟာ မှုခင်းဆရာဝန်ကြီးရဲ့ ရင်ခွဲစစ်ဆေးချက် မှတ်တမ်းကို အခြေခံပြီး ပြောတာပါ။ တကယ်လို့သာ အနီးကပ် ပစ်ခတ်ခံရမယ်ဆိုရင် ဒီလိုစစ်ဆေးတွေ့ရှိရမှာ မဟုတ်ဘူးဆိုတာ နားလည်သူတွေ၊ အတွေ့အမြင်ရှိဖူးသူတွေအားလုံး သိကြမှာပါ။ ဒါဆို ဘယ်ဟာအမှန်၊ ဘယ်ဟာအမှားဆိုတာ ခွဲခြားနားလည်နိုင်ပါလိမ့်မယ်။

နာဂါအိဟာ Tourist Visa နဲ့ ဝင်လာပြီးမှ သတင်းထောက်အလုပ်ကို လုပ်ခဲ့တယ်ဆိုတာ ပြီးခဲ့တဲ့ဆောင်းပါးမှာ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ တရားဝင်သတင်းထောက် ဗီဇာမယူဘဲ ဖုံးကွယ်ဝင်ရောက်လာပြီး သတင်းထောက်အလုပ်ကို တရားမဝင် လုပ်ကိုင်ခဲ့တဲ့အတွက် အခုလို ဖြစ်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ဂျာနယ်လစ်အနေနဲ့ တရားဝင်လာရင် ထိုက်သင့်တဲ့ လုံခြုံရေးဆောင်ရွက်ပေးမှာဖြစ်ပေမယ့် ဝင်လာတာကိုက မရိုးသားမှု အခြေခံခဲ့တာကို ဘယ်လိုမှ မငြင်းနိုင်ပါဘူး။

နောက်တစ်ချက်က ပုဒ်မ ၁၄၄ ထုတ်ပြန်ထားဆဲအချိန်မှာ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး မသွားအပ်တဲ့နေရာကို သွားရောက်ခဲ့တာကလည်း **"ဘယ်သူမပြု မိမိမှု"** လို့သာ ဆိုရတော့မှာပါ။ ဂျပန်နိုင်ငံက ထုတ်လွှင့်တဲ့ အခွေမှာ **"အန္တရာယ်ရှိတယ်"** Dangerous Dangerous, Shooting Shooting လို့ ပြောတဲ့အသံတွေ၊ ဂျပန်ပြောတဲ့ အင်္ဂလိပ်စကားပြောသံနဲ့ (Never mind)ဆိုတာတွေ သေသေချာချာနားထောင်ရင် ကြားမိကြပါလိမ့်မယ်။ အန္တရာယ်ရှိမှန်းသိသိနဲ့ဇွတ်သွားခဲ့၊ ဇွတ်လုပ်ခဲ့တာကို ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်တော့ပါဘူး။

ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဘက်ကတော့ Aid to Civil Power အတိုင်း ဥပဒေနဲ့အညီသာ ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၆–၉–၂၀၀၇ရက်နေ့ ၁၃၀၀ နာရီမှာ Aid to Civil Power ကို အပ်နှင်းထားပြီးဖြစ်လို့ လိုအပ်ပါက ပစ်ခတ် လူစုခွဲပိုင်ခွင့် ရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအရ နှိမ်နင်းရာမှာ အဲဒီရှေ့ဆုံးက လူတွေထဲမှာရောက်နေတဲ့ မစ္စတာနာဂါအိကို ထိမှန်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒီလောက်ရှုပ်ထွေးနေတဲ့ အခြေအနေမျိုးမှာ လူတစ်ဦးချင်းစီကို ခွဲခြားနေနိုင်မှာ မဟုတ်တာကိုတော့ နားလည်ပေးသင့်လှပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ တာဝန်အရ ဆောင်ရွက်သူတွေဘက်ကလည်း စဉ်းစားပေးဖို့လိုပါလိမ့်မယ်။

မစ္စတာနာဂါအိ လဲကျသွားပြီးနောက်ပိုင်း တွေ့ရှိရတဲ့ပစ္စည်းများကို တာဝန်သိပြည်သူများက အသေအချာ ထုပ်ပိုးသိမ်းဆည်းပြီး နာဂါအိကိုလည်း ဆေးရုံအရောက် ပို့ဆောင်ပေးခဲ့ပါတယ်။ ဆေးရုံမှာ ဂျူတီကျနေတဲ့ ရဲတပ်ဖွဲ့ဝင်များက လူနာလာပို့တဲ့ပြည်သူများထံမှ ပစ္စည်းများကို အဖွဲ့စုံသက်သေများရှေ့မှာ လက်ခံခဲ့ရတာဖြစ်ပါတယ်။ လက်ခံခဲ့ကြောင်းကိုလည်း ဂျပန်သံရုံးကို အကြောင်းကြားပေးခဲ့ပြီး ဌာနချုပ်မှတစ်ဆင့် သံရုံးသို့ပစ္စည်း ၂၂ မျိုး လွှဲအပ်ပေးခဲ့တယ်လို့ သိရပါတယ်။ ဒီလို လွှဲပြောင်းပေးပြီး နောက်ပိုင်းကျမှသာ ဆိုနီကင်မရာပျောက်နေကြောင်း သိခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခုပြောဖို့ရှိတာက လေဆိပ် Declaration Form မှာ ဆိုနီကင်မရာဆိုတာ လုံးဝမပါခဲ့ဘူးဆိုတာပါပဲ။ ဝင်လာကတည်းက ပါမလာတာလား၊ ဒါမှမဟုတ် တရားမဝင် ခိုးသွင်းလာတာလားဆိုတာတော့ ကာယကံရှင်မှပဲ သိမှာပါ။

ဒါပေမယ့် ဂျပန်နိုင်ငံက ထုတ်လွှင့်တဲ့ ဗီဒီယိုခွေမှာ လဲနေသူတစ်ဦးရဲ့ဘေးမှာ ရဲအရာရှိတစ်ဦး ပစ္စည်းသိမ်းတာပါနေပြီး အဲဒါကို ကင်မရာအဖြစ် ချဲ့ကားဝါဒဖြန့်နေတာ အားလုံးအသိပါ။ ဒါကလည်း Video Trap တစ်ခုသာဖြစ်ပြီး အဖြစ်မှန်နဲ့နှိုင်းယှဉ်စိစစ်ကြည့်ရင် လွဲမှားချက်လေးချက်တွေ့ရှိရတယ်ဆိုတာ သက်ဆိုင်ရာက ဂျပန်သံအမတ်ကြီးကို အသေးစိတ်ရှင်းပြခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော်မှတ်သားမိသလောက် ဂျပန်သတင်းဌာနတွေက ပြနေတဲ့အထဲက လဲနေတဲ့လူမှာ ဘာမှမပါဘူး။ မစ္စတာနာဂါအိကတော့ အိတ်လွယ်ထားတယ်။ လဲနေတဲ့နေရာနဲ့ နောက်ခံအခင်းအကျင်းလည်းမတူပါဘူး။ လဲကျနေတဲ့နေရာမှာရှိနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပုံစံချင်းလည်းမတူပါဘူး။ ဦးထုပ်အနီဆောင်းတဲ့အဖွဲ့နဲ့ မဆောင်းထားတဲ့အဖွဲ့ ကွာတယ်။ ဒီလို သိရှိရပါတယ်။ အဲဒီကွဲလွဲချက်များအရ ဂျပန်သတင်းဌာနတွေက ထုတ်လွှင့်တဲ့အခွေဟာ ဗီဒီယိုထောင်ချောက် (Video Trap) သာဖြစ်တယ်ဆိုတာ ပေါ်လွင်နေပါပြီ။ ဘယ်ရဲအရာရှိကမှ နာဂါအိရဲ့ကင်မရာကို မကောက်ခဲ့၊ မသိမ်းခဲ့ပါဘူး။ ကင်မရာလည်း ပါမလာခဲ့ပါဘူး။ မရှိတဲ့ပစ္စည်းကို ပြန်ပေးပါဆိုတာ တော်တော်တော့ပြောရခက်တဲ့ကိစ္စပါပဲ။

မစ္စတာနာဂါအိရဲ့ကိစ္စကို ဥပဒေကြောင်းအရ ကြည့်မယ်ဆိုရင်လည်း သတင်းထောက်ဖြစ်ပါလျက် Tourist Visa နဲ့ ဝင်လာတဲ့အချက်၊ Tourist Visa နဲ့ ဝင်လာပြီး တိုးရစ်လိုမနေထိုင်ခဲ့တဲ့အချက်၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး အန္တရာယ်ရှိတဲ့နေရာကိုလာတဲ့အချက်၊ အန္တရာယ်ရှိကြောင်း ဘေးကသတိပေးနေပါလျက် ဂျပန်လူမျိုး အင်္ဂလိပ်စကားပြောတဲ့လေသံနဲ့ Never mindဆိုပြီး ပြန်ပြောခဲ့တဲ့အချက်၊ Custom ဥပဒေအရ Declaration Form မှာ ဗီဒီယိုကင်မရာ မပါလာတဲ့အချက် စတဲ့အချက်ငါးချက်ကိုကြည့်ရင် ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာ မြင်သာပါတယ်။ သေဆုံးမှုအပေါ် တရားဝင် ရင်ခွဲစစ်ဆေးချက် ပြုလုပ်ခဲ့ပြီး မှုခင်းဆရာဝန်ရဲ့ အစီရင်ခံစာကို တရားဝင် တရားရုံးတင်ခဲ့တဲ့အတွက် "ဆူပူသောင်းကျန်းမှုကြားတွင် မတော်တဆ ထိခိုက်သေဆုံးသည်" ဆိုတဲ့ တရားသူကြီး ဆုံးဖြတ်ချက်က သက်သေခိုင်လုံနေပါပြီ။ ဥပဒေမှာ သံသယအကျိုးဆိုတာ ရှိမြဲပါ။ ဒီဖြစ်စဉ်အပေါ် ထုတ်လွှင့်နေတဲ့ ထုတ်လွှင့်ချက်များမှာလည်း အခင်းဖြစ်ပွားတဲ့ နေရာမတူတာ၊ ရှိနေတဲ့ လုံခြုံရေးများ ယူနီဖောင်းမတူတာ၊ ရဲအရာရှိ ကောက်နေတဲ့ပစ္စည်းဟာ ဗီဒီယိုကင်မရာမဟုတ်ဘဲ ရေဘူးဖြစ်နေတာတွေကို သုံးသပ်ကြည့်ရင် Video Trap ဖြစ်တယ်လို့ပဲ လက်ခံကြရမှာဖြစ်ပါတယ်။

တကယ်တော့ ဂျပန်–မြန်မာ ချစ်ကြည်ရေးဟာ ရေရှည်မြဲမြံ ခိုင်မာပြီးသားဖြစ်ပါတယ်။ အရှေ့တိုင်းသား အာရှတိုက်သားများ အချင်းချင်းဖြစ်တဲ့အပြင် ဗုဒ္ဓဘာသာ ကိုးကွယ်မှုချင်းလည်း တူညီကြပါတယ်။ ဂျပန်နဲ့မြန်မာ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလာခဲ့တာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပါပြီ။ ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တွေအပေါ် ထိုးစစ်ဆင်ရာမှာ ဂျပန်တပ်များဟာ မြန်မာ့မြေပေါ်မှာ အဓိကအခြေခံပြီး ထိုးစစ်ဆင်နွှဲခဲ့တာဖြစ်တဲ့အပြင် စစ်ဘေးစစ်ဒဏ်ကို အတူခံခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေလည်း ဖြစ်ခဲ့ကြဖူးတာပါပဲ။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးအတွက် ဂျပန်ကို တော်လှန်ခဲ့ကြပေမယ့် ဘယ်သူနိုင်ပြီး ဘယ်သူရှုံးတယ်ဆိုတာ ခုချိန်မှာ ပြောနေဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် ဂျပန်–မြန်မာ ဆက်ဆံရေးကတော့ အစဉ်အလာကောင်းတွေနဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➢

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေ ဆိုတဲ့ သဘော ရှိကြပါတယ်။ အထူးသဖြင့် မုန်းစကို လုံးဝမရှည်စေလိုပါဘူး။ ဘာသာတရား အဆုံးအမနဲ့အညီ အရာရာကို သည်းခံတတ်၊ ခွင့်လွှတ်တတ်ကြပြီး မုန်းစရာ၊ နာစရာဆို လွယ်လွယ်နဲ့ မေ့ပျောက်ပစ်တတ်ကြတဲ့ လူမျိုးများသာ ဖြစ်ပါတယ်။

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဒီဇင်ဘာ ၁၈

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၅)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဒီဇင်ဘာ ၂၄ရက် (နတ်တော်လပြည့်)မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ၁ရက် (နတ်တော်လပြည့်ကျော် ၈ ရက်)အထိ ကျင်းပမည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင် အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့် အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)



အကြံပြု

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့် အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဆွေးနွေးတင်ပြ

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ဦးညွန့်မောင် အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ပထဝီဝင်မိသားစုများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော တက္ကသိုလ်များပထဝီဝင်ဌာနမှ အသက်(၆၅)နှစ်အထက် အငြိမ်းစားဆရာကြီး၊ဆရာမကြီးများအား ပထဝီဝင်မိသားစုများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေများကို အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့ရှိ ကော်မတီဝင်ဆရာ၊ဆရာမများ၊ ဦးချား ဖုန်း-၀၉-၅၀၀-၇၇၁၂၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၅၁၇-၃၇၃၈၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၅၀၁၂၁၁၊ ဦးဘသောင်း ဖုန်း-၂၂၉၁၇၄၊ ဦးစိန်အောင် ဖုန်း-၅၅၄၉၇၀၊ ဦးမြင့်အေး ဖုန်း-၀၉-၅၀၀-၈၅၃၀၊ ဦးနေအောင် ဖုန်း-၀၉-၅၁၃-၁၈၀၉၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁၂-၂၉၈၉၊ ဒေါက်တာနီလာအောင် ဖုန်း-၀၉-၅၁၉-၂၁၃၈၊ ဒေါက်တာမျိုးမျိုးခိုင် ဖုန်း-၀၉-၅၁၃-၇၉၈၂၊ ဒေါ်အေးအေးမောက် ဖုန်း-၅၈၅၀၁၆၊ ဒေါက်တာခင်နှင်းဖြူ ဖုန်း-၀၉-၅၁၇-၄၂၂၈၊ ဒေါက်တာခင်ခင်ဌေး ဖုန်း-၀၉-၅၁၈-၁၉၆၀၊ ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၅၁၈-၆၅၇၃နှင့် ဒေါ်ကြည်ကြည်ဝင်း-ပထဝီဝင်ဌာန ဖုန်း-၅၃၆၉၄၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

➢ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရေရှည်တည်တံ့ရှင်သန်နေတယ်ဆိုတာ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတွေ၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုတွေက သက်သေထူနိုင်ခဲ့ကြပါပြီ။

ဒီလို ချစ်ကြည်ရင်းနှီးမှုအစဉ်အလာအားဖြင့် ကြီးမားခဲ့တဲ့ နှစ်နိုင်ငံပြည်သူများအကြားမှာ မှားတယ်၊ မှန်တယ် ငြင်းခုံဖို့ ကျွန်တော် ဒီဆောင်းပါးကို ရေးနေတာမဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်ကိစ္စမဆို မျှမျှတတနဲ့ မှန်မှန်ကန်ကန်ဖြစ်ဖို့တော့ လိုပါလိမ့်မယ်။ အခုတော့ ဖြစ်စဉ်အမှန်ကိုဖုံးပြီး နိုင်ငံရေးအသွေးအရောင်တွေ၊ သွေးထိုးမှုတွေ ပါနေတာက အင်မတန်ဝမ်းနည်းဖို့ကောင်းပါတယ်။ တကယ်တော့ ဖြစ်စဉ်ဟာ ရိုးရိုးလေးသာဖြစ်ပြီး ဆူပူဆန္ဒပြသူတွေထဲမှာ ပါဝင်နေသူတစ်ဦး မတော်တဆသေဆုံးခဲ့ရတဲ့ သာမန်ဖြစ်စဉ်မျှသာဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ကို မတော်တဆဖြစ်ခဲ့တဲ့ဖြစ်ရပ်ပါ။ ဂျပန်နိုင်ငံသားတစ်ဦး သေဆုံးခဲ့ရသလို မြန်မာနိုင်ငံသား ဆယ်ဦးလောက်လည်း သေဆုံးခဲ့ရပါတယ်။ အများထဲမှာ ရောပါသွားတဲ့ ဖြစ်ရပ်သာဖြစ်ပြီး တမင်ရွေးပစ်တာမဟုတ်သလို လုပ်ထုံးလုပ်နည်းကို ကျော်လွန်ပြီး တရားမဲ့နှိပ်ကွပ်ခဲ့တာမျိုးလည်း လုံးဝမဟုတ်ရပါဘူး။ Aid to Civil Power လုပ်ထုံးလုပ်နည်းများနဲ့အညီ Step by Step ဆောင်ရွက်ရင်းဖြစ်ခဲ့ကြတာပါ။ ဒါကို ဒီနေ့အထိ သံကြီးမဲကြီး တစ်ဖက်သတ်ထုတ်လွှင့်နေတဲ့ မီဒီယာတွေ နားလည်စေချင်ပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ ဆိုတဲ့သဘောရှိကြပါတယ်။ အထူးသဖြင့် မုန်းစကို လုံးဝမရှည်စေလိုပါဘူး။ ဘာသာတရား အဆုံးအမနဲ့အညီ အရာရာကို သည်းခံတတ်၊ ခွင့်လွှတ်တတ်ကြပြီး မုန်းစရာ၊ နာစရာဆို လွယ်လွယ်နဲ့ မေ့ပျောက်ပစ်တတ်ကြတဲ့ လူမျိုးများသာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေး စစ်ဒဏ်ကို အကြီးအကျယ်ခံခဲ့ရပေမယ့် အခုအချိန်မှာ ဖက်ဆစ်ဂျပန် မုန်းတီးရေးတို့၊ ဂျပန်ဆန့်ကျင်ရေးတို့ဆိုတာတွေ ကျွန်တော်တို့ဆီမှာ လုံးဝမရှိတော့ပါဘူး။ ကျွန်တော်တို့ကသာ ရေရှည်ကိုကြည့်ပြီး မေ့ပျောက်သင့်တာကို မေ့ပျောက်နိုင်ခဲ့ပေမယ့် ကျွန်တော်တို့လိုပဲ အတူတူခံစားခဲ့ကြရတဲ့ အခြားနိုင်ငံတွေကတော့ အခုအထိ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်တွေ၊ တုံ့ပြန်တဲ့လုပ်ရပ်တွေ ရှိနေကြဆဲပါ။ လုံးလုံးမမေ့နိုင်သေးတာ အားလုံးအသိပဲ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူဘက်က ဒီလိုသဘောထားကြီးခဲ့ပေမယ့် ဒီနေ့ ဂျပန်မီဒီယာတွေကတော့ မစ္စတာကင်ဂျီနာဂါအိ သေဆုံးမှုကိုပဲ တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး လုပ်စားနေကြတာတွေ တွေ့နေ၊ မြင်နေ၊ ကြားနေရဆဲဖြစ်ပါတယ်။ SHUKAN BUNSHU မဂ္ဂဇင်းမှာ ရေးထားသလို နာဂါအိကိုမှီပြီး စီးပွားဖြစ်လုပ်စားနေတဲ့ APF သတင်းဌာန အကြီးအကဲ TORU YAMAJI လို အကြံအဖန်သမားတွေ ဘယ်လောက်တောင်ရှိနေမလဲ မပြောတတ်တော့ပါဘူး။ ဂျပန်သတင်းဌာနအချို့အနေနဲ့ မစ္စတာနာဂါအိ မြန်မာနိုင်ငံကို ရောက်လာတဲ့သတင်းတွေ၊ သူနဲ့ပတ်သက်ပြီး လူပုဂ္ဂိုလ်အချို့ရဲ့ ပြောကြားချက်တွေ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ရှင်းလင်းချက်သတင်းတွေ၊ တိုကျိုက မြန်မာသံရုံးရှေ့မှာ ဆန္ဒပြမှုသတင်းတွေ၊ မြန်မာနိုင်ငံမှာ ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ ဆူပူ ဆန္ဒပြမှု သတင်းတွေ၊ ဂျပန်ရောက်မြန်မာအချို့ရဲ့ ပြောကြားချက်တွေ စသည် စသည်ဖြင့် အကြိမ်ကြိမ် ထပ်ကာထပ်ကာ ထုတ်လွှင့်နေခဲ့ပါတယ်။ ကျွန်တော်အထက်မှာ တင်ပြခဲ့တဲ့ Video Trap ပြကွက်တွေပါ အပါအဝင်ပေါ့။

ဒါဟာ မီဒီယာတွေက သူတို့စီးပွားရေးအတွက် သေဆုံးသူကို ခုတုံးလုပ်ပြီး လုပ်စားနေကြတာဖြစ်ပေမယ့် ဒီမီဒီယာတွေရဲ့ အကျိုးဆက်အဖြစ် နှစ်နိုင်ငံပြည်သူများအကြားမှာ မလိုလားအပ်တဲ့ အထင်အမြင်လွဲမှားမှုတွေ ဖြစ်လာစေနိုင်တာကို ဂျပန်မီဒီယာတွေ သတိမူသင့်လှပါတယ်။ နှစ်နိုင်ငံ ပြည်သူများအကြား အထင်အမြင်လွဲမှားမှုကတစ်ဆင့် နှစ်နိုင်ငံ ချစ်ကြည်ရေးကို ထိခိုက်လာမယ်ဆိုရင် ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပါ။ ဆင်ခြင်သင့်တဲ့ ကိစ္စပါ။ မီဒီယာဆိုတာ အင်မတန် တာဝန်ကြီးလှပါတယ်။ ပြည်သူကို အသိမှန်၊ အမြင်မှန်၊ အဖြစ်မှန်ကို တင်ဆက်ပေးခြင်းအားဖြင့် မီဒီယာရဲ့ ဂုဏ်သိက္ခာကို ထိန်းသင့်ပါတယ်။ နှစ်နိုင်ငံ ပြည်သူများအနေနဲ့လည်း အကြံအဖန်မီဒီယာတွေရဲ့ သွေးထိုးမှုကိုနားမယောင်ဘဲ အဖြစ်မှန်၊ အခြေအနေမှန်ကို နားလည်လက်ခံပြီး နှစ်ဖက်သင်ပုန်းချေကြရမယ့် ကိစ္စသာဖြစ်တယ်လို့ ကျွန်တော် ဆိုချင်ပါတယ်။

ကျွန်တော်တို့အနေနဲ့တော့ ကျွန်တော်တို့နိုင်ငံမှာ ဂျပန်နိုင်ငံသားတစ်ဦး မတော်တဆ သေဆုံးခဲ့ရမှုအတွက် ဂျပန်ပြည်သူအားလုံးနဲ့ထပ်တူ၊ မစ္စတာ နာဂါအိရဲ့မိသားစုနဲ့ထပ်တူ လုံးဝစိတ်မကောင်းနိုင်ပါဘူး။ ပြည်သူချင်းရော၊ မိဘဆွေမျိုးသားချင်းရော၊ မိသားစုချင်းရော တကယ့်ကိုကိုယ်ချင်းစာနာ နားလည်နိုင်ပါတယ်။ ဒါကြောင့်လည်း မစ္စတာနာဂါအိရဲ့ ရုပ်အလောင်းကို ဂျပန်ပြည်ရောက်အောင် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ဆိုနီကင်မရာ ကျန်ရစ်ပါတယ်ဆိုတော့လည်း တွေ့ရှိတဲ့အထောက်အထား လုံးဝမရှိပေမယ့် တွေ့လိုတွေ့ငြား ကြိုးပမ်းရှာဖွေပေးခဲ့ပါတယ်။ ဒီလို လိုက်လျောရှာဖွေပေးခဲ့ခြင်းဟာ ကျန်ရစ်သူ မိသားစုအတွက် အထောက်အကူ ဖြစ်ပါစေဆိုတဲ့သဘောနဲ့ ကူညီရှာဖွေပေးခဲ့တာပါ။ လေဆိပ်အဝင် Declaration Form မှာကတည်းက မပါလာတဲ့အပြင် Video Trap ကိုပါ လက်ဆုပ်လက်ကိုင် ခွဲခြားပြနိုင်တော့မှ ဆိုနီကင်မရာ မပါလာဘူးဆိုတာ အတည်ပြုနိုင်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

နိဂုံးချုပ်ရရင်တော့ ဂျပန်-မြန်မာဆက်ဆံရေးဟာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး မိတ်ဝတ်မပျက် အပြန်အလှန် လေးစားမှု အခွန့်ရှည်ခိုင်မြဲလျက်ရှိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း အစိုးရပိုင်းရော၊ ပြည်သူများအချင်းချင်းပါ ချစ်စကိုရှည်နိုင်ဖို့ လိုလားကြပါတယ်။ ဒီလို အခြေအနေမျိုးမှာ အမှန်ကို အမှားလုပ်၊ တစ်ဆိတ်ကို တစ်အိတ်ဖြစ်အောင် ချဲ့ကားသွေးထိုးပြီး မီဒီယာနဲ့လုပ်စားနေကြတဲ့ သတင်းဌာနတွေကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို အရောင်မစွန်းထင်းစေချင်တဲ့ ဆန္ဒအမှန်နဲ့ ဒီဆောင်းပါးကို ကျွန်တော်ရေးဖြစ်ပါတယ်။ ပြည်ပန်းညို ချိုချင်ပါလျက်နဲ့ ဆားကမဖျက်နိုင်ရအောင် အဖြစ်မှန်၊ အခြေအနေမှန်၊ သဘောထားအမှန်တွေကို တင်ပြနေရခြင်းပါ။ ပြည်ပန်းညိုကတော့ နဂိုကတည်းက ချိုပြီးသားပါဗျာ။ နဂိုအချိုဓာတ်ကို ဝင်နှောင့်မယ့် ဆားနဲ့တူတဲ့ ပြည်ပအသံလွှင့်ဌာနတွေရဲ့ အဇ္ဈတ္တ အတွင်းသဘောကိုတော့ ဇာစ်ဇာစ်မြစ်မြစ်သိပြီး ဝေးရာမဏီဝေးစွာ ရှောင်ရှားနိုင်ကြဖို့ စေတနာရှေ့ထားပြီး သတိပေးလိုက်ပါရစေ။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	အလုပ်ပေးတရားတော်များ(ဒုတိယပိုင်း) (ဆရာတော်အရှင်ပုညာနန္ဒ)
၇း၅၀-၁း၅၀	တေးဂီတအစီအစဉ်
၇း၅၅-၁း၅၅	စိတ်၏စွမ်းအား Aikido အားကစား
၈း၁၀-၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀-၂း၄၀	သာမဏေကျော်စာတော်ပြန်ပွဲ
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	Midweek Sports News
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	လူ့ကထိန်ပွဲနှင့် မင်္ဂလမ်းသို့ဆုပန်ရှုယ်
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	ရတနာပုံတယ်လီပို့ဖွင့်ပွဲအခမ်းအနားနှင့် ဆဋ္ဌမအကြိမ်မြန်မာအိုင်စီတီပွဲ
၁၀း၂၀-၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅-၄း၂၅	**နှင်းဆီဖြူ (ဇေယျ၊ချောရတနာ၊ဝသုန်၊သီဟ၊နဒီဝင့်နိုင်) (ဒါရိုက်တာ-ဝိုင်း)**
၁၁း၀၀-၅း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅-၅း၀၅	လတန်ဆောင်ရဲ့ကုသိုလ်ပွဲ (ပြည်လုံးချမ်းသာ မဟာဝိဇ္ဇူကစေတီတော်)
၁၁း၂၀-၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	စားချင်စဖွယ်နည်းအသွယ်သွယ်(ပုစွန်တုပ်ကြော်ပြုလုပ်နည်းနှင့် ကြက်ဥထမင်းကြော်ပြုလုပ်နည်း)
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	International Video Topics [ထူးဆန်းထွေလာ ကမ္ဘာကြီးမှာ(အပိုင်း-၁)]
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လောကနန္ဒာဘုရားကို ရေတိုက်စားမှုမှကာကွယ်ရေး၊ ရင်ပြင်တော်ကြံ့ခိုင်ရေး လေ့လာတိုင်းတာဆောင်ရွက်ရန် မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကနန္ဒာစွယ်တော်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ်ရှိ ကကုသန် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

လောကနန္ဒာဘုရားအား မြစ်ရေတိုက်စားမှုမှ ကာကွယ်ရေး၊ ဘုရားရင်ပြင်တော် ရေရှည်ကြံ့ခိုင်တည်တံ့စေရေးတို့အတွက် လိုအပ်သည်များကို လေ့လာတိုင်းတာ ဆောင်ရွက်ကြရန် မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာစွယ်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုဂံမြို့သစ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော် အရှေ့ဘက်မုခ်ရှိ ကကုသန်ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားသို့ ရောက်ရှိ၍ ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကြပြီး ပင်မပြခန်းဆောင်ကြီးနှင့် ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ် ဗိသုကာပြခန်း၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ပုဂံခေတ် စာပေပြခန်း၊ ပုဂံနန်းမြို့ရိုးပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကနန္ဒာ စွယ်တော်ဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံ

၁၉–၁၂–၂၀၀၇

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချို့အေး မင်္ဂလာတေး

၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၂၀ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ

၈:၃၀ ၈။ International News.



ရွှေစည်းခုံ စေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဆင်များရှင် ဘုရားအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည် ဒီဇင်ဘာ အထူးတရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၌ ဒီဇင်ဘာ ၂၁ ရက်မှ ၃၁ ရက်အထိ ၁၀ ရက် အထူးတရားစခန်းပွဲကို မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ပဓာန နာယက၊ သာသန တက္ကသိုလဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ ဒေါက်တာဘဒ္ဒန္တကောဝိဒကြီးမှူး၍ တရားပြသ ဟောကြားမည်ဖြစ်ရာ စာရင်းပေးသွင်းထားသော ယောဂီများသည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မိမိတို့ဆိုင်ရာ အသုံးအဆောင်များကို ယူဆောင်၍ အရောက်လာရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုပ္ပားစကားဝါ မြေဆရာတော် တရားပွဲများ

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက၊ စာချ၊ သာသနာပြု၊ နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဒီဇင်ဘာ ၂၃ရက်တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပုညဝနာရာမဆွမ်းလောင်းအသင်း၏ ဆွမ်းအောင်ပွဲ၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် ဝေဘာဂီလမ်းရှိ အနောက်ခြမ်းလူငယ်များ၏ မိဘများ အထိမ်းအမှတ် ဓမ္မပူဇာပွဲနှင့် ဇန်နဝါရီ ၇ရက်တွင် ရွှေပြည်သာမြို့နယ်(ဏ/၁၄)ရပ်ကွက် ပန်းခြံ(၁၉)မိသားစုတို့၏ဓမ္မပူဇာပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ရာ ဖုန်း- ၀၁-၅၃၇၅၅၇ နှင့် ၀၉၅၁၈၇၃၈၃ တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

စာဆိုရည်မှန်း ကန်တော့ပန်း

တိမ်လွှာစင်၍
သဇင်မင်းကြို၊ နှင်းစိုစိုနှင့်
ငှက်ပျိုညသြ၊ တွန်သံနှောစ
သာမောလှပ၊ ဆောင်းချမ်းမြဝယ်
ဘဝရသ၊ နုအလှကို
ခြယ်သရေးသီ၊ ပြည်ရေးချီကြ
ရှေးမီနောက်မီ၊ ရင့်ကျက်ပီသား
အနီထိုထို၊ သဒ္ဒါပိုသည့်
ပြည်ကိုချစ်ဖွား၊ စာဆိုများကို
ညွှတ်တွားရိုကျိုး၊ မာန်ညွှန့်ချိုး၍
ရှိခိုးကော်ရော်၊ မြပူဇော်သည်
သက်တော်ရာကျော် ရှည်စေသော်။ ။

ပန်းတောင်းသန်းကြွယ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နံနက်ဖနာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇာဓိရာဇ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ သွားရောက်ပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို လည်းကောင်း၊ သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန် အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ကြက်ဥ၊ငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေ ချိုရေငန် ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီအရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံး ပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ယနေ့ ထပ်မံဖွင့်လှစ်လိုက်သည့် ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အခွန်လွတ်ဈေးများအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကို လိုက်လံရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးကာ အခွန်လွတ်ဈေးများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို သိရှိနားလည်သဘောပေါက်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရေး၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး၊ စားသုံးကုန်ပစ္စည်း အမယ်မျိုးစုံကို ပိုမိုတိုးတက်စွာ ရောင်းချရေး၊ အခွန်လွတ်ဈေးများ အစဉ်သန့်ရှင်းသပ်ရပ်ရေး၊ စားသုံးသူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် အဆင့်ဆင့်က မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တာမွေမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၂:၅၀ ၁။ ၂၀၀၇ ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ)
- ၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၁၀ ၄။ သီချင်းကြီးပဒေသာ
- ၅:၂၀ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၇:၀၀ ၁၀။ **"မပြောမပြီး မတီးမမြည်" (နေရဲလင်း၊မောင်မောင်မြင့်၊ ရှင်ဖုန်း၊အိမ့်ချယ်၊မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၇:၂၅ ၁၁။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၄၅ ၁၂။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ Franz Hararay's Magic Planet
- ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်း "လိုတိုင်းတ--တတိုင်းရစေ" (နိုင်းနိုင်း၊နန္ဒာလှိုင်) (ဒါရိုက်တာ-မောင်မောင်ဦး-စနီးဝိုက်)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ဦးတည်သည့် သတင်းဆက်သွယ်ရေးနည်းပညာကဏ္ဍမှ ခြေလှမ်းများ

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဒီဇင်ဘာ ၁၈

နိုင်ငံတကာအဆင့်မီ အိုင်စီတီနည်းပညာများ အခြေချဖွံ့ဖြိုးတိုးတက်ရာ ဗဟိုဌာနတစ်ခုဖြစ်လာမည့် ရတနာပုံတယ်လီပို့ဖွင့်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ပြည်တွင်းပြည်ပကုမ္ပဏီပေါင်းတစ်ရာကျော်တို့က ခေတ်မီအဆင့်မြင့် အိုင်တီနည်းပညာပစ္စည်းများ၊ကွန်ပျူတာ ပစ္စည်းများနှင့် ကုမ္ပဏီအလိုက် ထုတ်လုပ်သည့်ပစ္စည်းများကို ခင်းကျင်းပြသထားရာ လေ့လာစူးစမ်းမေးမြန်းခဲ့မှုများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

(ယမန်နေ့မှအဆက်)

ကြေးမုံသတင်းအဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တာဝန်ယူပြသထားသော ပြခန်းများကိုလည်းဝင်ရောက် လေ့လာကြည့်ခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စာပို့တိုက်လုပ်ငန်းမှ အထွေထွေ မန်နေဂျာဦးခမ်းအောင်က မိမိတို့ဌာနအနေနဲ့ တံဆိပ်ခေါင်းပြခန်း၊ မိမိတို့ဌာနနဲ့ ဖက်စပ်ဆောင်ရွက်လျက်ရှိသော DHL အမြန်ချောပို့လုပ်ငန်းနဲ့ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း (EMS International) တို့ကို ပြသထားကြောင်း ရှင်းလင်း ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာပို့တိုက်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခမ်းအောင် ရှင်းလင်းပြောကြားစဉ်။

Mandalay ICT Development Corp., Ltd မှ ဥက္ကဋ္ဌ ဦးသိန်းထွင့် ရှင်းလင်းပြောကြားစဉ်။

အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း (EMS International) သည် နိုင်ငံတကာချောပစ္စည်း တင်ပို့မှုနယ်ပယ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ချဲ့ထွင်ယှဉ်ပြိုင် နေရာယူမှုများကို ကျော်လွှားနိုင်ရန်အတွက် ချောပစ္စည်းများကို သမားရိုးကျပေးပို့ခြင်းထက် IT စနစ်ကို တွင်ကျယ်ထိရောက်စွာအသုံးပြုပြီး ပိုမိုလျင်မြန်၍ အာမခံချက်ရှိသော နည်းစနစ်ဖြင့် ဆောင်ရွက်သော ခေတ်မီစာပို့လုပ်ငန်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းကို ယခင်က နိုင်ငံ၈ခုနိုင်ငံဖြင့်သာ ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ ၁၀၂နိုင်ငံအထိ တိုးချဲ့ဆောင်ရွက်လျက် ရှိသည်။ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းသည် ဝန်ဆောင်မှုများအနေဖြင့် ပြည်ပနိုင်ငံများမှ ပေးပို့ (သို့) တင်ပို့ထားသော ချောပစ္စည်းများကို စာပို့တိုက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊ ပေးပို့လာသောချောပစ္စည်းများကို ကြန့်ကြာမှုမရှိစေရန် အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးခြင်း၊ ဖုန်းဖြင့် အကြောင်းကြားလာသော ချောပစ္စည်းများကို အိမ်တိုင်ရာရောက် သွားရောက်ယူဆောင် လက်ခံဆောင်ရွက်ပေးခြင်းနှင့် ပေးဝေပြီးစီးမှုအခြေအနေကို Internet Website မှ ကြည့်ရှု၍ ပြန်ကြားဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရတနာပုံတယ်လီပို့အတွင်း ခင်းကျင်းပြသထားသော ခေတ်မီအိုင်စီတီနည်းပညာပစ္စည်းများအား ကြည့်ရှုလေ့လာနေကြစဉ်။

ဆက်လက်၍ Mandalay ICT Development Corp .,Ltd ၏ ဥက္ကဋ္ဌဦးသိန်းထွင့်က ရတနာပုံတယ်လီဆက်သွယ်ရေး နည်းပညာများမှာ အမြတမ်းတိုးတက်နေကြောင်း၊ ယခုပြပွဲတွင် ပြသထားသောအချို့ပစ္စည်းများမှာ မိမိတို့ဆီတွင် မသုံးဖူးသေးကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် Software ရေးသော ကုမ္ပဏီဖြစ်ကြောင်း၊ ယခုကဲ့သို့ ICT ကို အခြေခံသော နည်းပညာ မြို့သစ်ကြီး ပေါ်ထွန်းလာတဲ့အတွက် ဂုဏ်ယူကြောင်း၊ မကြာမီတွင် IT အခြေခံသော ပြည်တွင်း ပြည်ပ Software ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမည်ဟု မျှော်လင့်ကြောင်းပြောကြားသည်။

Myanmar World Distribution Co.,Ltd. မှ ဒါရိုက်တာ ဒေါ်ခင်အေးဝင်း ရှင်းလင်းပြောပြစဉ်။

Myanmar World Distribution Co.,Ltd. မှ ဒါရိုက်တာ ဒေါ်ခင်အေးဝင်းကလည်း ခေတ်မီတိုးတက်သော အင်တာနက်ခေတ်တွင် မိမိတို့ကုမ္ပဏီအနေဖြင့် နည်းပညာပိုင်းကို စွမ်းဆောင်ရည်ပြည့်ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီဖြစ်ကြောင်း၊ e-Exam Software ကို တီထွင်ထုတ်လုပ်၍ ကွန်ပျူတာ သုံးစာမေးပွဲ စစ်ဆေးမှုကို ICT နည်းပညာဖြင့် စနစ်တကျဆောင်ရွက်ထားကြောင်း၊ IT နည်းပညာများ နယ်ပယ်အသီးသီးကို ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်ပြီး နည်းပညာမြင့် ပစ္စည်းများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

ဆဋ္ဌမအကြိမ်မြောက်မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်ကို ရတနာပုံတယ်လီပို့တွင် ဒီဇင်ဘာ ၁၄ရက်မှ ၂၁ရက်အထိ ပြခန်းပေါင်း ၁၀၀ကျော်ဖြင့် ပြသထားရာ အိုင်တီနည်းပညာ လေ့လာလိုသူများနှင့် ဒေသခံများအတွက် ရတောင့်ရခဲသော အခွင့်အရေးပင်ဖြစ်သည်။ ပွဲတော်ရက်အတွင်း ဖျော်ဖြေရေးအနေဖြင့် NYM Model အေဂျင်စီ(မန္တလေး)မှ ကုန်ပစ္စည်း မိတ်ဆက်အနေဖြင့် Model Show ပွဲ၊ ကွန်ပျူတာပြိုင်ပွဲတွင်လည်း အဆင့်မြင့် Programme ပြိုင်ပွဲအဖြစ် Desktop Application ပြိုင်ပွဲ၊ Webe Disign ပြိုင်ပွဲနှင့် Game ပြိုင်ပွဲများလည်း ပါဝင်ပြီး ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၀၀	၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" အပိုင်း(၅)**
၆:၄၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၁၇)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ **English Usage**
	၂၀။ ဗွီစီဒီကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း(အပိုင်း-၁၅)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ကျောင်းကုန်း အထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အထက(၁) ကျောင်းသား/သူဟောင်းများ၏ (၁၈)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၇၂ ဦးအား ပူဇော်ပွဲနှင့် ပညာရေးအလှူရှင်ဂါဒီယန်ဦးစိန်ဝင်းအား ဂါရဝပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ရက် (အမျိုးသားနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ **(ယာပုံ)** ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသာရွှေနှင့် ရန်ကုန်ကော်မတီ ဦးကိုဝင်းတို့က ပူဇော်ပွဲကျင်းပခြင်းကိစ္စရပ်များကိုတင်ပြသည်။

ကြွရောက်သော ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဦးထွဋ်၊ ဦးအောင်ကြွယ်၊ ဦးဘစီ၊ ဦးအုန်းမောင်၊ ဦးမြင့်ဆွေ၊ ဒေါ်စိန်စိန်၊ ဦးတင်လှနှင့် ဦးတင်အေးတို့က မေတ္တာသြဝါဒဆုံးမစကားများ ပြောကြားခဲ့သည်။

ဘဏ္ဍာရေးမှူးဦးသန်းမြင့်က ရသုံးငွေစာရင်းများ စိုက်ထူပြီး ထာဝရငွေပဒေသာပင် ကျပ် ၂၃ သိန်းကျော်နှင့် စဉ်ဆက်မပြတ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး ကိစ္စရပ်များ ရှင်းလင်းပြောကြားကာ ကျောင်းသား၊ သူဟောင်းများက ပူဇော်ပွဲနေ့တွင် ထပ်မံ၍ ထာဝရ ငွေပဒေသာပင် ၅၂၀၀၀၀ ကို စိုက်ထူလှူဒါန်းခဲ့သည်။ ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလိုပါက ဦးလေးမောင် ဖုန်း ၀၉ ၅၁ ၉၂၅၆၂၊ ဦးကိုဝင်း၊ ဦးစောနိုင် ဖုန်း ၀၁-၅၄၇၄၀၃၊ ဦးသာရွှေ ဖုန်း ၀၄၆-၄၀၂၀၀၊ ဦးခင်စိုး ဖုန်း ၀၄၆-၄၀၁၇၃နှင့် ဦးစိုးမောင် ဖုန်း ၀၄၆-၄၀၁၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

သာယာဝတီ အလက ကွက်သစ်ကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

သာယာဝတီမြို့ အလက ကွက်သစ်ကျောင်း သက်ပြည့်အငြိမ်းစားဆရာ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက် (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် ဦးတုတု ဖုန်း-၀၅၅-၃၀၃၀၆၊ ဦးမြတ်စိုးအောင် ဖုန်း-၀၅၅-၃၀၇၀၅၊ ဦးမျိုးသန့်ချော ဖုန်း-၀၅၅-၃၀၈၀၀၊ ဦးလေးလွင် ဖုန်း-၅၈၀၄၂၀၊ ဦးထွန်းမြတ် ဖုန်း-၀၉၅၀-၃၅၄၀၄ နှင့် ဦးဖြိုးမင်းအေး ဖုန်း-၅၅၂၂၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၆)ဗိုလ်တထောင် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ဗိုလ်တထောင် အထက(၆) ကျောင်း၏ ဒသမအကြိမ်အာစရိယပူဇော်ပွဲ ကျင်းပရေး အကြို ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်း(၃)လမ်းရှိ ဗိုလ်ချုပ် အောင်ဆန်းဈေးဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

(က-ပ)

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များက မန္တလေးအိုးဘို(ဗဟို) အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် လူမှုအထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အလှူရှင်များက ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မန္တလေးအိုးဘို(ဗဟို)အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် လူမှုအထောက်အပံ့ပစ္စည်း ကိုးသိန်းဖိုးခန့် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်သိန်း၊ ဦးအောင်ကျော်သာနှင့်အဖွဲ့ဝင်များ၊ဂျာနယ်သတင်းထောက်များနှင့် အလှူရှင်များသည် ဒီဇင်ဘာ ၅ရက် နံနက် ၉နာရီကျော်ခန့်တွင် အကျဉ်းထောင်သို့ရောက်ရှိပြီး ငွေကျပ် ခုနစ်သောင်း တန်ဖိုးရှိ နိုင်ငံခြားဆေးမျိုးစုံ၊ ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ဘီစကစ်ထုပ်များ၊ ငွေကျပ်တစ်သိန်း တန်ဖိုးရှိ ပွိုက်ဘုတ် လေးချပ်နှင့် ဆက်စပ်ပစ္စည်းများ၊ ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိ လျှပ်တစ်ပြက်နှင့် Upper Myanmar ဂျာနယ်အစောင် ၃၀၀၊ ငွေကျပ် ၂၄၀၀၀ တန်ဖိုးရှိ ကနောင်ဂျာနယ် အစောင် ၈၀၊ ငွေကျပ် ၂၀၀၀၀တန်ဖိုးရှိ ပန်းသီးတစ်သေတ္တာ၊ ငွေကျပ် သုံးသိန်းခန့် တန်ဖိုးရှိ Family ကိတ်ခြောက်နှင့် ပေါင်မုန့်များ၊ ကော်ဖီမစ်ထုပ်များ၊ သကြားလုံးထုပ်များကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် အလုပ်ရုံအကျဉ်းထောင်ရှိ လက်သမားရုံ၊ ပန်းပုအလုပ်ရုံနှင့် ပန်းချီအလုပ်ခန်းတို့၌ အကျဉ်းသားများ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အကျဉ်းကျသူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြသည်။

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် မန္တလေးအိုးဘို(ဗဟို) အကျဉ်းထောင်သို့ လူမှုအထောက်အပံ့ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ယခုအကြိမ်သည် (၁၂)ကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုအကြိမ် အပါအဝင် စုစုပေါင်းထောက်ပံ့လှူဒါန်းမှုမှာ တန်ဖိုး သိန်း ၉၀ ကျော်ဖိုးဖြစ်ကြောင်း၊ မန္တလေးတိုင်းအတွင်းရှိ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ညောင်ဦး၊ ပြင်ဦးလွင်၊ ရမည်းသင်း၊ ခရိုင်၊တိုင်းတို့အပါအဝင် တိုင်းတစ်တိုင်းလုံးအနေဖြင့် (၃၉)ကြိမ် သွားရောက်လှူဒါန်းနိုင်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ခန့်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အလှူရှင်များက မန္တလေးအိုးဘို (ဗဟို)အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် လူမှုအထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror သတင်းမှတ်တမ်း

နည်းပညာရိုက်ခတ်မှု၏ အခွင့်အလမ်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ ပူးပေါင်း၍ စနေတစ်ပတ်ခြား ဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ဒုတိယပတ် ဟောပြောပွဲကို ဒီဇင်ဘာ ၂၂ ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲမြတ်သူ(ALPHA COMPUTER) က နည်းပညာ ရိုက်ခတ်မှု၏ အခွင့်အလမ်းနှင့် ပြဿနာများအကြောင်း ဟောပြောမည်ဖြစ်ရာ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပရာ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က အဖွင့်အမှာစကားပြောကြား၍ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုဦးက မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း ဟောပြောပြီး**(အောက်ပုံ)** မြို့နယ်ပညာရေးမှူး ဒေါ်သီဂီက ကျေးဇူးတင်စကားပြောကြားကြသည်။ အခမ်းအနားအပြီးတွင် ကျောင်းမျက်နှာစာရှေ့၌ မြို့နယ်တပ်စုမှူး ဦးဖြူဝင်း၊ ဦးထိန်လင်းနှင့်အဖွဲ့က လက်တွေ့မီးငြိမ်းသတ်၍ သရုပ်ပြကြကြောင်း သိရှိရသည်။ (၅၃)

ကြေးမုံ The Mirror သတိပြု ဆင်ခြင်ဖွယ်

ပိုးသတ်ဆေးဖျန်းစဉ် ပိုက်ခေါင်းပိတ်၍ ပါးစပ်ဖြင့် စုပ်ထုတ်ရာမှ သေဆုံး

ရန်ကုန် ဒီဇင်ဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ် ကျွန်းလေးပင်ကျေးရွာတွင် စက်တင်ဘာ ၂၅ ရက်က ပဲတီစိမ်းခင်း၌ အသက်(၂၂)နှစ်အရွယ် မန္တဲ့ဆိုသူသည် ပိုးသတ်ဆေးဖျန်းနေစဉ် ဆေးပိုက်ခေါင်းမှ ဆေးမထွက်သဖြင့် ပါးစပ်ဖြင့် စုပ်ထုတ်ရာ ပိုးသတ်ဆေး ပါးစပ်ထဲဝင်သွား၍ သေဆုံးခဲ့ရသည့် ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ သေဆုံးသူမန္တဲ့သည် ပဲတီစိမ်းခင်း၌ တစ်ဦးတည်း ပိုးသတ်ဆေးဖျန်းနေစဉ် ပိုးသတ်ဆေးအနည်းငယ်ခန့် ပါးစပ်ထဲဝင်သွားပြီး မူးနောက်နောက်ဖြစ်လာရာမှ အိမ်သို့ပြန်၍ အကျိုးအကြောင်းပြောပြ၍ အနီးဝန်းကျင်မှလူများက ဆေးရုံသို့တင်ပို့စဉ် လမ်း၌ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ပိုးသတ်ဆေးဘူးကိုင်ပြီးကျီစယ်ရာမှ ပါးစပ်ထဲ ပိုးသတ်ဆေးဝင်၍ သေဆုံး

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်အုပ်စု ဘုရားကုန်းကျေးရွာ အနောက်နှစ်မိုင်ခန့်ရှိ လယ်ထဲ၌ လယ်လုပ်သူ ဦးကြည်မြင့်(၄၁)နှစ်ဆိုသူသည် နိုဝင်ဘာ ၂၃ ရက် ညနေ ၅နာရီခန့်က ပိုးသတ်ဆေးဘူးကိုင်ကာ ဇနီးဖြစ်သူအား နောက်ပြောင်ကျီစယ်၍ ဆေးဘူးကို သောက်သည့်ဟန် ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ထို့နောက် ဇနီးဖြစ်သူက တဲပေါ်မှဆင်းသွားစဉ် ဦးကြည်မြင့်မှာ ပိုးသတ်ဆေးသောက်လိုက်မိ၍ ဆေးရုံသို့ပို့သော်လည်း သေဆုံးသွားကြောင်း သိရသည်။

(ကြေးမုံ)

ကြေးမုံ The Mirror မှုခင်းသတင်းများ

တက္ကသိုလ်ကြို/ပို့ယာဉ်တိမ်းမှောက်၍ ယာဉ်နောက်လိုက်နှင့် ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး ဒဏ်ရာရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

ဒဂုံတက္ကသိုလ် ကျောင်းသားများကို တင်ဆောင်၍ လှည်းကူးမြို့မှ ဒဂုံတက္ကသိုလ်သို့မောင်းနှင်လာသည့် ရန်ကုန်မြောက်ပိုင်းခရိုင် (ဃ)ယာဉ်လိုင်းမှ ယာဉ်မောင်း သန်းတင်(စိစစ်ဆဲ)မောင်းနှင်သည့် ကျောင်းကြို/ပို့ ဒိုင်နာအမျိုးအစားယာဉ်သည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၈နာရီ ၅ မိနစ်ခန့်က လှည်းကူးမြို့နယ် အမှတ်(၂)လမ်းမကြီး မလစ်ကျေးရွာ အမှတ်(၇)လမ်းထိပ် အသည်းရောင် အသားဝါရောဂါ ကာကွယ်ဆေးစက်ရုံအနီးအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သည်။ယာဉ်တိမ်းမှောက်မှုကြောင့် မသီသီလွင်(၁၉)နှစ် (ဒုတိယနှစ်၊ပထဝီ)အပါအဝင် ကျောင်းသား၊ကျောင်းသူ ၂၁ဦးနှင့် ယာဉ်နောက်လိုက် ကျော်ဇင်လတ်(၂၉)နှစ် (လှည်းကူးမြို့)နေသူတို့ ဒဏ်ရာများရရှိ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ယာဉ်မှုစစ်က အမှုဖွင့်ပြီး ရှာဖွေအရေးယူရေး စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခိုးယူဖြန့်ဖြူးရောင်းချကြောင်း တွေ့ရှိရသဖြင့် အရေးယူ

ရန်ကုန် ဒီဇင်ဘာ ၁၈

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရဲစခန်းသို့ ဒီဇင်ဘာ ၁၇ ရက် မွန်းတည့် ၁၂နာရီခန့်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် သီဂီလမ်းနေ ဦးမျိုးဝင်းထွန်းကို လျှပ်စစ်ဓာတ်အားခိုးယူ သုံးစွဲမှုနှင့်ပတ်သက်၍ အမှုဖွင့်တိုင်ကြားခဲ့သည်။ ဦးမျိုးဝင်းထွန်းသည် ၎င်း၏နေအိမ်တွင် ခွင့်ပြုချက်မရှိဘဲ အင်ဂျင်မီးစက်ဖြင့် ပတ်ဝန်းကျင် နေအိမ်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဒီဇင်ဘာ ၁၅ရက် ညတွင် မီးစက်မမောင်းဘဲ နိုင်ငံပိုင် လျှပ်စစ်ဓာတ်အားကို အထွေထွေ အိမ်သုံးမီတာမှတစ်ဆင့် တရားမဝင် ခိုးယူသုံးစွဲဖြန့်ဖြူးနေကြောင်း သက်ဆိုင်ရာက စိစစ်တွေ့ရှိရသဖြင့် တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ဒဂုံမြို့သစ်(တောင်ပိုင်း) ရဲစခန်းက ဦးမျိုးဝင်းထွန်းအား (ပ)သတင်းချက်အမှတ် ၁၂၃၀/၂၀၀၇၊ ရန်ကုန်လျှပ်စစ်အက်ဥပဒေပုဒ်မ ၃၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လို စစ်ကိုင်းမြို့နယ်မှ NLD ပါတီဝင် ၂၈ဦး စုပေါင်းနုတ်ထွက်

နေပြည်တော် ဒီဇင်ဘာ ၁၈

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အုန်းတောမြောက်ရွာနေ ဦးတင်မောင်ဦး၊ ဦးဖြိုးဝေ၊ ဦးသိန်းထူး၊ ခက်ခကျေးရွာနေ ဦးတိုးမောင်၊ ဦးတင်ဝင်း၊ ဦးသိန်းရွှေ၊ ဦးဝင်းအောင်၊ ဦးဆန်းတင်၊ ဒီပဲယင်းခွဲကျေးရွာနေ ဦးသိန်းထွန်း၊ ဦးကျော်မြင့်၊ ပြည်တော်သာကျေးရွာနေ ဦးအောင်မြတ်၊ ဦးခင်မောင်အေး၊ ဦးဘိုမဲ၊ ဦးကျော်ဆွေ၊ ဦးသန်း၊ ဦးသောင်း၊ ဦးဆွေ၊ ဦးကျော်မင်း၊ ဦးနိုင်ဦး၊ ဦးသန်းဦး၊ ဦးပေါများ၊ ဦးဇော်ဇော်၊ ဦးမြင့်ကျော်၊ ဦးပု၊ ဦးသိန်းအေး၊ ဦးဇော်လွင်၊ ဦးအေးဝင်း၊ ဦးမင်းမင်းတို့သည် ၎င်းတို့ဆန္ဒအလျောက် စက်တင်ဘာ ၁၅ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

၎င်းတို့၏နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားလိုသဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဝန်းသိုမြို့၊ မြို့မ(၂)ရပ်နေ ဦးခင်မောင်လေး–
ဒေါ်ခင်သန်းနွဲ့တို့၏ သား

မောင်နေလင်း

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊
ဟီရိုလမ်းသွယ် (၂၀)နေ ဦးညိုဝင်း (1st Engineer,
Multigate Shipping Co.,)–ဒေါ်မာမာဌေး တို့၏သမီး

မညိုဦးခင်

တို့၏ ၁၇-၁၂-၂၀၀၇ ရက်တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေလင်း–မညိုဦးခင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးစံပြကျေးရွာနေ
ဦးသန်းကြီး–(ဒေါ်သန်းခင်)တို့၏ သားငယ်

မောင်ကျော်လွင် B.Sc (Zoology)Q
(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

နှင့်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၅၈)၊ နန္ဒဝန်လမ်းသွယ်၊ စံပယ်ခြံ (၂)လမ်း၊ (၆)မိုင်ခွဲနေဦးခင်မောင်ရင်[ဒု–ညွှန်ချုပ်၊ငြိမ်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန]–ဒေါ်ခင်သန်းနွဲ့ (အထက–၂၊ ရန်ကင်း၊ ငြိမ်း) တို့၏သမီးငယ်

မမိုးခင်ခင်(ခ) မီးမီးနော် B.Sc (Hons) Physics, M.P.A
Dip.ed in Japanese **(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

တို့သည် ၁၈-၁၂-၂၀၀၇ ရက်တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်လွင်–မမိုးခင်ခင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျွန်တော် **မောင်ကျော်စွာလင်း** AGTI (MT), M.E
(Nuclear Technology) **(ကထိက၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**

နှင့်

ကျွန်မ **မသင်းသင်းအေး** B.N.Sc
(အာရှတော်ဝင်အထူးကုဆေးခန်း၊ ရန်ကုန်)

တို့သည် ၁၆-၁၂-၂၀၀၇ ရက်နေ့တွင် ဥက္ကံမြို့ လမ်းချိုးရပ် နေအိမ်၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်စွာလင်း–မသင်းသင်းအေး

Myanmar ComBiz Travels & Tours Co.,Ltd.

X' mas အထူးအစီအစဉ်

ချောင်းသာ/ငွေဆောင် အထူးအစီအစဉ်
– Dec 24,25,26(နှစ်ညအိပ်သုံးရက်ခရီး)
– မှန်လုံအဆင့်မြင့်ကား၊ အဆင့်မြင့်ဟိုတယ်
– Bar-B.Q နှင့် Lucky Draw **(ချောင်းသာ)**
– **X'** mas Dinner နှင့် Lucky Draw **(ငွေဆောင်)**

Dec 23 ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်–
တိုက်(၃၉၀)၊ အခန်း(၆)၊ ပထမထပ်၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်
Ph. - 544869, 545187, 728872
E-mail:ho@combizgroup. com

အထက(၃)မင်္ဂလာတောင်ညွန့် (စိန့်ဂျိုးဇက်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက်

အာစရိယပူဇော်ပွဲ

အထက(၃) မင်္ဂလာတောင်ညွန့်(စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်း) တွင် ပညာသင်ကြားပေးခဲ့သော မြတ်ဆရာ၊ ဆရာမကြီးများအား ရိုသေလေးမြတ်စွာ ပူဇော်ကန်တော့လိုပါ၍ မပျက်မကွက် အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းနေဖက်ငယ်ပေါင်းသူငယ်ချင်းများ ကြည်နူးဖွယ် ပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံ ကုသိုလ်ယူပွဲသို့ ကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

နေ့ရက် – **၄-၁-၂၀၀၈(လွတ်လပ်ရေးနေ့)**
အချိန် – **နံနက် (၉:၀၀)နာရီ**
နေရာ – **ယုဇနခန်းမ (အထက–၃၊ မင်္ဂလာတောင်ညွန့်)**

အာစရိယ ပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးသန်းလှ–ဒေါ်ခင်မြင့်
ရွှေရည်ဦးအထည်ဆိုင်တို့၏သား

ဗိုလ်မှူးရဲနိုင်အောင် B.Sc (DSA)

နှင့်

နေပြည်တော်နေ ဦးအုန်းညွန့်–ဒေါ်မူမူဝေ တို့၏သမီး

မခိုင်သန္တာညွန့် (လက်ထောက်မန်နေဂျာ)
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်

တို့သည် ၁၆-၁၂-၂၀၀၇ ရက်တွင် နေပြည်တော်၌ နှစ်ဖက်သော မိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်မှူးရဲနိုင်အောင်–မခိုင်သန္တာညွန့်

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်တင်အောင်ကို**
[၁၂/အလန(နိုင်)၀၃၁၇၉၂]
B.E (Mechanical) Y.I.T

နှင့်

ကျွန်မ **မအေးအေးခိုင်**
[၈/ခမန(နိုင်)၁၀၅၀၆၁]
B.Sc (Chemistry)

တို့သည် ၅-၁၂-၂၀၀၇ ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်တင်အောင်ကို–မအေးအေးခိုင်

မွေးနေ့ဆုတောင်း

ချစ်ဇနီး **မချို (မီးလေး)** ရဲ့ ၁၉-၁၂-၂၀၀၇ ရက်တွင် ရောက်ရှိမည့် နှစ်(၅၀) ရွှေရတုမှ နှစ်တစ်ရာတိုင်အောင် မိသားစုနဲ့အတူ သာယာချမ်းမြေ့ပြီး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ချစ်ခင်ပွန်းထိန်ဦး
ကပ္ပတိန်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအားနိုင်၏ နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်[၁၃/မဆတ (နိုင်) ၀၀၁၅၄၃] မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

Ph: ၀၉၉၈၁၂၃၅၊ ၂၂၃၅၆၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ခင်ဦးတင် (ဘ)ဦးတင်ဖေ [၁၂/တမန(နိုင်) ၀၄၂၈၃၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ၇၂၆၃၁၈ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း–၀၉ ၅၀၁၁၁၉၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇေယျာဦး ပိုင်ဆိုင်သော ယာဉ်အမှတ် ၈က/၆၁၂၀၏ ဒီဇယ်ဆီစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ၀၉၅၁ ၅၈၀၅၇၊ ၇၀၉၀၇၄ တို့သို့ အကြောင်းကြားပါရန်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဇ္ဈူလမ်း၊ ခြံအမှတ်(၅၉)နေ
ဦးကြည်လွင်[အင်ဂျင်နီယာမှူးကြီး (ငြိမ်း)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း]–
ဒေါ်ရီရီဝေတို့၏ သား

မောင်ဖြိုးဟိန်း B.E(Civil) Yangon Technological University
M.Sc(Civil) National University of Singapore
Civil Structural Engineer Chiyoda Singapore (Pte.) Limited

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊
ဟံသာရိပ်မွန်လုံးချင်းအိမ်ရာ၊ အိမ်အမှတ် (C/7B)နေ
အရေပြားရောဂါအထူးကုဆရာဝန်ကြီး Dr. ဦးလှရွှေ (ဌာနမှူး၊ငြိမ်း၊
အရေပြားရောဂါကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)–ဒေါ်ပြုံးပြုံးကြည် (ဗဟိုစာရင်းရုံး–ငြိမ်း)တို့၏ သမီး

မဝင့်ရွှေရည် B.C.Sc (University of Computer Study, Yangon)
Marketing Manager TISCO Pte. Limited (Singapore)

တို့၏ ၁၆-၁၂-၂၀၀၇ ရက်တွင် Sedona Hotel ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဦးအေးမောင်ဟန်နှင့်ဇနီး ဒေါက်တာဒေါ်သီရိထွန်းမြင့် (ဒု–ညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန) တို့အားလည်းကောင်း၊ မင်္ဂလာလက်ဆောင် ပေးပို့ချီးမြှင့်ခဲ့သော ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးတင်ဝင်းမောင်နှင့်ဇနီးတို့အား လည်းကောင်း၊ ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်ရင်ရင်မြ (စိန့်ဇကေရာဓ်) တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဟေမာနေဝင်း၊ တေးသီချင်းတီးခတ်ပေးသော Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မထက်ထက်ခိုင်စိုး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမေသန်း၊ သတို့သားအရံ မောင်မြတ်စိုးအောင်၊ မောင်မျိုးသူရ၊ သတို့သမီးအရံ မခင်နှင်းစုရည်နှင့် မနှင်းရည်ပြုံးတို့အားလည်းကောင်း၊ မိတ်ကပ်ဖန်တီးရှင် ခင်စန်းဝင်းနှင့် အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော Akai နှင့် ဘုရင်မဓာတ်ပုံတို့အားလည်းကောင်း၊ ပန်းအလှပြင် Eternal နှင့် Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ပရိသတ်များနှင့် အခြား ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဟိန်း–မဝင့်ရွှေရည်

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်

ကိုရီးယားဘာသာစကားသင်တန်း

၁။ ကိုရီးယားနိုင်ငံသို့ Employment Permit System (EPS) ဖြင့်သွားရောက် အလုပ်လုပ်ကိုင်မည့်သူများသည် EPS-KLT (Korean Language Proficiency Test) ကို ဝင်ရောက်ဖြေဆို အောင်မြင်မှ အလုပ်သွားရောက် လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

၂။ ၎င်းစာမေးပွဲကို တစ်ကြိမ်တည်း အမှတ်များများဖြင့်အောင်မြင်နိုင်ရေး၊ ကိုရီးယားဘာသာစကားအား အခြေခံမှစ၍ ကျွမ်းကျင်စွာနားလည်သဘောပေါက်စေရေးအတွက် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်းမှစ၍ သင်တန်းဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ ယခုမှစတင်တက်ရောက်မည့် သင်တန်းသားများအား အခြေခံမှစတင်သင်ကြားပို့ချမည်ဖြစ်ပြီး ကိုရီးယားဘာသာစကား Level(1)နှင့်အထက် အောင်မြင်ပြီးသူများအား EPS စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် သွားရောက် လုပ်ကိုင်ခွင့်ရရှိထားသော အခြေခံနိုင်ငံများသို့ စစ်မေးထားသည့် EPS-KIT မေးခွန်းနမူနာများဖြင့်ပါ လေ့ကျင့်သင်ကြားပြသသွားမည်ဖြစ်သည်။

၄။ သင်တန်းတက်ရောက်လိုသူများ အောက်ပါအတိုင်း ဆက်သွယ်နိုင်သည်–

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်
အမှတ်(၈/B) (၈)မိုင်၊ ပြည်လမ်း
မရမ်းကုန်းမြို့နယ်၊ ဖုန်း–၆၆၃၇၁၆၊ ၆၅၃၃၉၀
ရွှေပြည်သာ ဘာသာစကားပြောသင်တန်း ဖုန်း–၀၉၅၀ ၁၀၉၀၃၊ ၃၉၃၃၁၄

Best Painting of the Year 2007

ပန်းချီအနုပညာပြပွဲ ပြိုင်ပွဲဆုချီးမြှင့်

Best Painting of the Year 2007 **ပန်းချီအနုပညာပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ထွန်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသိန်းထွန်း ပန်းချီအနုပညာပြိုင်ပွဲတွင် ပထမရရှိသော ဦးဝင်းမြင့်မိုး (ဝင်းမြင့်)အား ငွေကျပ်သိန်း ၃၀ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၈

ထွန်းဖောင်ဒေးရှင်းက စီစဉ်ကျင်းပ၍ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) က ပါဝင်ကူညီသည့် Best Painting of the Year 2007 ပန်းချီအနုပညာပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံ ဘဏ်များအသင်းအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)မှ ဦးကြည်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန် (ကိုယ်စား)ဒုတိယဥက္ကဋ္ဌဦးသန့်စင် (ပန်းချီ လှတင်ထွန်း)က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ပန်းချီအနုပညာပြိုင်ပွဲတွင် ပထမရရှိသော ဦးဝင်းမြင့်မိုး(ဝင်းမြင့်) အား ငွေကျပ်သိန်း ၃၀၊ ဒုတိယရရှိသော မမော်မော်လှိုင်(မော်မော်) အား ငွေကျပ် ၂၅ သိန်း၊ တတိယရရှိသော ဦးကျော်မင်းလွင် (ထားဝယ်လေး) အား ငွေကျပ်သိန်း ၂၀၊ စတုတ္ထရရှိသော ဦးမြင့်အောင် (ပုဂံမှာရွာတဲ့မိုး) အား ငွေကျပ် ၁၅ သိန်းနှင့် အထူးဆုရရှိသူ ခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)က ဂုဏ်ပြုလက်ဆောင်အဖြစ် ပန်းချီကားကို ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံအနှံ့မှ ပန်းချီပညာရှင် ၅၇၂ ဦး၏ ပန်းချီကားပေါင်း ၉၉၄ ကားပါဝင်ပြသကြောင်း သိရှိရသည်။ ယနေ့အထိ ပန်းချီကားပေါင်း ၅၂ ကား ရောင်းချရပြီး ဆက်လက်ပြီး ဝယ်ယူကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်။ ဆက်လက်ပြီး စင်ကာပူ သမ္မတနိုင်ငံတွင်ပြပွဲများဆက်လက်ပြသသွားမည့် အစီအစဉ်များလည်းရှိကြောင်း သိရှိရသည်။

အဆိုပါ Best Painting of the Year 2007 အနုပညာပြပွဲပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်အထိ ခင်းကျင်း ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး(၂/၂၀၀၇) ကျင်းပ ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ်ဆွေးနွေး အကြံပြုတင်ပြ



သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အစည်းအဝေး (၂/၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၈

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး (၂/၂၀၀၇)ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရုံးအမှတ်(၂၂)ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာသဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မူကြမ်းရေးဆွဲရေး အဖွဲ့ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ်ဆွေးနွေး အကြံပြုတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

လှော်ကားဥယျာဉ် ဘက္ကရီးအီးဒ်နေ့နှင့်ခရစ္စမတ်နေ့ ဖွင့်လှစ်ထားမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန်နံနက် ၈နာရီမှ ညနေ၄နာရီ အထိသာဖွင့်လှစ်သော်လည်း ဒီဇင်ဘာ၂၁ရက်(ဘက္ကရီးအီးဒ်နေ့)နှင့် ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့)များတွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား